ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၄၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၈၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ၁၈-၈-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မတီ အစည်းအဝေး တက်ရောက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ မျက်စိဆေးခန်းပြသရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ နော်ခရစ္စထွန်း (ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဖခင်ဖြစ်သူ၏ကျန်းမာရေး တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊

ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ်(၅)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်း က ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်း တွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်းဖြေဆိုရန် စာစစ်ဌာနတစ်ခုအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း က တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်းဖြေဆိုရန် စာစစ်ဌာနတစ်ခုအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံနိုင်ကြပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော်က ဆက်ပြီးတော့ တနင်္သာရီ တိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်မှ သဇင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းအား စာစစ်ဌာန အဖြစ် သတ်မှတ်ချပေးနိုင်ခြင်း ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီ တိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်းဟာဆိုလို့ရှိရင် အထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၀၆ ခုနှစ်တွင် အဆင့်တိုးမြှင့် သတ်မှတ်ပေးခြင်းခံခဲ့ရပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အတည်ပြုသတ်မှတ်ခြင်းခံရပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဇင်ကျေးရွာအနီးဝန်းကျင်တွင် အခြားကျေးရွာအုပ်စုပေါင်း (၇)အုပ်စု နှင့် ကျေးရွာခွဲပေါင်း (၂၉)ရွာရှိပြီး လူဦးရေစုစုပေါင်း (၃၀၀၀၀)နီးပါး မှီတင်းနေထိုင်လျက် ရှိပါတယ်။ ဒါ့အပြင် သဇင်ကျေးရွာတွင် အခြေကျရဲစခန်းတစ်ခုရှိပြီး သဇင် အ.ထ.က ဝန်းကျင်တွင် ပန်းဇင် အ.ထ.က၊ ညောင်ဘီး အ.ထ.က၊ မောင်းလျော်အ.ထ.က (ခွဲ) စသောအထက်တန်းကျောင်း (၃)ကျောင်း ရှိပါတယ်။ ဒါကြောင့် သဇင် အ.ထ.က ကျောင်းကိုသာ တက္ကသိုလ်ဝင်စာစစ်ဌာနအဖြစ် ချပေးမည် ဆိုပါက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်စာရင်းအရ သဇင်အ.ထ.ကမှ ကျောင်းဖြေ(၄၄)ဦး၊ ပြင်ပဖြေ (၁၅)ဦး၊ ညောင်ဘီး အ.ထ.က မှ ကျောင်းဖြေ (၁၉၄)ဦး၊ ပြင်ပဖြေ (၃၀)ဦး၊ မောင်းလျော်အ.ထ.က မှ ကျောင်းဖြေ (၃၃)ဦး၊ ပြင်ပဖြေ (၁)ဦးနှင့် ပန်းဇင် အ.ထ.က မှ ကျောင်းဖြေ (၄၉)ဦး၊ ပြင်ပဖြေ (၁၀)ဦး စုစုပေါင်းတက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူ (၃၈၅)ဦး ကိုယ်စိတ်နှစ်ပါး ဖိစီးမှု နည်းပါးစွာဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ အ.ထ.က ကျောင်းအသီးသီးမှ ကျောင်းသူ၊ ကျောင်းသားများဟာ နှစ်စဉ် တက္ကသိုလ် ဝင်တန်းဖြေဆိုရန်အတွက် ရေမိုင်(၂၅)မိုင်ကွာဝေးသော ကျွန်းစုမြို့၊ စာစစ်ဌာနသို့ လှိုင်းဒဏ်၊ လေဒဏ် အန္တရာယ်ဖြင့် သွားရောက်ဖြေဆိုရပါတယ်။ ဒါကတော့ ကျွန်တော်တို့ အ.ထ.က ကျောင်း (၄)ကျောင်း ကနေပြီးတော့ ပင်လယ်ပြင်ကိုဖြတ်ပြီးတော့မှ ကျွန်းစုမြို့ကို သွားရောက်ပြီးတော့ ဖြေဆိုရတဲ့အပိုင်းလေး ဖြစ်ပါတယ်။ ဒါကတော့ သဇင်ကျေးရွာ အ.ထ.က ကျောင်းဖြစ်ပါတယ်။ ဒါကတော့ ကျောင်းအတွင်း အားကစားနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ လက်ရှိ မေးခွန်းဘဏ်တိုက် ဆောက်လုပ်ပြီးစီးမှုအခြေအနေ ဖြစ်ပါတယ်။ ဒါက ရဲစခန်းရှိတဲ့ပုံ ဖြစ်ပါတယ်။

ဒါ့အပြင် ကျောင်းသား၊ ကျောင်းသူများနဲ့ ကြီးကြပ်သူ၊ အုပ်ထိန်းသူပေါင်း (၂၀၀)ခန့် စိတ်မချစွာ ခရီးအတူ လိုက်ပါရတာမို့ ခရီးပင်ပန်းခြင်း၊ အလုပ်အကိုင်ပျက်ခြင်း၊ ငွေရေးကြေးရေး

အခက်အခဲမပြေလည်ခြင်း စသောအခက်အခဲ၊ ဖိစီးမှုများကို ရင်ဆိုင်နေရပါတယ်။ သို့ဖြစ်ပါသောကြောင့် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုတာကတော့ ယင်းသဇင်ကျေးရွာ အ.ထ.က ကျောင်းအား တက္ကသိုလ်ဝင်တန်း စာစစ်ဌာနအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ ချမှတ်ပေးနိုင်ခြင်းအစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

သဇင်ကျေးရွာ (အ.ထ.က) ကျောင်း မြင်ကွင်းပုံ (၄၄)




(အ.ထ.က)ကျောင်း (၄)ကျောင်းမှ ပင်လယ်ပြင်ကိုဖြတ်၍ ကျွန်းစုမြို့သို့ သွားရောက်ရသည့် မြင်ကွင်းပုံ (၄၄-၁)



သဇင် (အ.ထ.က) မေးခွန်းဘဏ်တိုက် ဆောက်လုပ်ရန် ကျေးရွာသားများမှ မြေတူးနေသည့် မြင်ကွင်းပုံ (ဠဠ-၂)



**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တချို့ကျေးရွာများရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် ဟောင်းနွမ်းနေသည့် ကျောင်းဆောင်များနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေသည့် ကျောင်းဆောင်များကို ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တချို့ကျေးရွာများရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် ဟောင်းနွမ်းနေသည့် ကျောင်းဆောင်များနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေသည့် ကျောင်းဆောင်များကို ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တချို့ကျေးရွာများရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများတွင် ဟောင်းနွမ်းနေသည့် ကျောင်းဆောင်များနှင့် သဘာဝဘေးဒဏ်ကြောင့်

ပျက်စီးနေသည့် ကျောင်းဆောင်များကို ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ လိုအပ်လျက်ရှိသည့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းဆောင်များအား ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်ချထားပြီး ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးလို့ ပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရအား အထူးပဲကျေးဇူးတင်ရှိကြောင်း ဦးစွာပြောချင်ပါတယ်။ ကျွန်တော်တို့ဒေသဟာ ခေတ်အဆက်ဆက်က လျစ်လျူရှုခံနေရလို့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်အခြေခံလိုအပ်ချက်များ ယနေ့ထိ လိုအပ်နေဆဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း ပြည်သူများ၏ လိုအပ်ချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

မြို့နယ်အတွင်းရှိ တချို့ကျေးရွာများတွင် ကျောင်းဆောင်များဟောင်းနွမ်းပြီး အန္တရာယ်ရှိသည့် ကျောင်းဆောင်များရှိသည့်အတွက် သက်ဆိုင်ရာဌာနများမှ စိစစ်ပြီး ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးစေချင်ပါတယ်။ တချို့သော ကျေးရွာများတွင် ကိုယ်ထူကိုယ်ထ ကျောင်းဆောင်များ တည်ဆောက်ပြီး ကျပ်တည်းစွာ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်နေကြရပါတယ်။ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ရန် ကျေးရွာပေါင်းများစွာမှ မဲဆန္ဒရှင်ပြည်သူများက တင်ပြလာသည့်အတွက် ပြည်သူများကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

အထူးသဖြင့် မူလတန်းကျောင်းခွဲရရှိသော ကျေးရွာများဟာ ယနေ့အထိ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ပြီး ပညာသင်နေတာ တွေ့ရပါတယ်။ တချို့သော ကျေးရွာများဟာ ကျောင်းအမှုတွဲပြုလုပ်ပြီး သက်ဆိုင်ရာဌာနသို့ တင်ပြကြသော်လည်း ဝေးလံပြီးလမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသရှိ ကျေးရွာများဟာ ကျောင်းဆောင်သစ် အမှုတွဲများအား မတင်ပြနိုင်တာ တွေ့ရပါတယ်။ ၎င်းဒေသရှိ ကျောင်းဆောင်များအားလည်း စိစစ်ပြီး ကျောင်းဆောင်သစ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် တချို့ကျေးရွာရှိ ကျောင်းများ ပျက်စီးနေတာ လွှတ်တော်ပိတ်ရက်အတွင်း လူထုတွေ့ဆုံပွဲပြုလုပ်ရန် သွားရောက်စဉ် ကျွန်တော်ကိုယ်တိုင်လည်း တွေ့မြင်ရပါတယ်။ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသောကျောင်းများ အချိန်မီ သက်ဆိုင်ရာဌာနသို့ တင်ပြသောကျေးရွာများအား ပြန်လည်မွမ်းမံရန် ထောက်ပံ့ကြေး ပေးထားသော်လည်း အချိန်မီမတင်ပြနိုင်သော စာသင်ကျောင်းများအား ထောက်ပံ့ကြေးမရဘဲ ရွာသားများ လုပ်အားဖြင့် ပြုပြင်နေရတာ တွေ့မြင်ရပါတယ်။ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသော ကျောင်းများအားလည်း အောက်ခြေအထိ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ထောက်ပံ့ကူညီပေးစေလိုပါတယ်။ သဘာဝဘေးဒဏ်ကြောင့် အန္တရာယ်ရှိကျောင်းဆောင်များအားလည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူများ၏ ပညာရည်မြင့်မားရေးနှင့် လုံခြုံစွာ ပညာသင်ယူနိုင်ရန်အတွက် လိုအပ်လျက်ရှိသည့် ကျောင်းဆောင်သစ်များအား ဆောက်လုပ်ပေးပါရန် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ပညာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အလိုက် အဆောက်အအုံများကို တည်ဆောက်ခွင့်ပြုချက်များ ချထားပေးရာတွင် မြို့နယ်အလိုက် သက်ဆိုင်ရာအခြေခံပညာကျောင်း အသီးသီးမှ တင်ပြလာမှုများအပေါ် ခွင့်ပြုသင့်သည့် ကျောင်းများနှင့် အဆောက်အအုံ အမျိုးအစားများကို မည်ကဲ့သို့စိစစ် ရွေးချယ်ချထား ပေးသည်၊ တည်ဆောက်ခွင့်ပြုလိုက်သည့် အချို့အဆောက်အအုံများမှာ အောက်ခြေမြေပြင် လိုအပ်ချက်နှင့် မကိုက်ညီသဖြင့် ပြန်လည်တင်ပြလာမှုများအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက် နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က ပညာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အလိုက် အဆောက်အအုံများကို တည်ဆောက်ခွင့်ပြုချက်များ ချထားပေးရာတွင် မြို့နယ်အလိုက် သက်ဆိုင်ရာ အခြေခံပညာကျောင်းအသီးသီးမှ တင်ပြလာမှုများအပေါ် ခွင့်ပြုသင့်သည့် ကျောင်းများနှင့် အဆောက်အအုံ အမျိုးအစားကို မည်ကဲ့သို့ စိစစ်ရွေးချယ် ချထားပေးသည်၊ တည်ဆောက်ခွင့်ပြုလိုက်သည့် အချို့အဆောက်အအုံများမှာ အောက်ခြေမြေပြင် လိုအပ်ချက်နှင့် မကိုက်ညီသဖြင့် ပြန်လည်တင်ပြလာမှုများအပေါ် မည်ကဲ့သို့ အရေးယူ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ အမှတ်(၈)က ဦးမျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းက နိုင်ငံတော် ဘတ်ဂျက်ကို စနစ်တကျ စီမံသုံးစွဲစေလိုတဲ့ စေတနာကို အဓိကထားထားတာဖြစ်ပြီး တစ်စုံတစ်ဦးကို နစ်နာစေလိုမှု၊ မည်သူတစ်ဦးတစ်ယောက်ကိုမှ ထိခိုက်စေလိုမှု မရှိတဲ့အကြောင်း စကားပလ္လင် အရင်ခံထားပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ ကျွန်တော်တို့ မြို့နယ်အတွက် (၁၂၀ x ၃၀) Steel Structure (၁)ထပ် စာသင်ကျောင်း(၃)ကျောင်း ကျလာပါတယ်။ ဒါကတော့ အဲဒီထဲက (၁)ကျောင်းဖြစ်တဲ့ ဇီးဖြူသောင်ကျေးရွာ တွဲဖက် အ.ထ.ကပါ။ ဒီနှစ် ရေးမြို့မှာ အောင်ချက်အကောင်းဆုံး ဖြစ်ပါတယ်။ မျဉ်းအဝါက ကျောင်းဝင်း ဖြစ်ပါတယ်။ ပုံမှာမြင်တဲ့အတိုင်း ကျောင်းဆောင်(၃)ဆောင်နဲ့ အပြည့်ပါပဲ။ အပြိုင်ရှိနေတဲ့ (၂)ဆောင်အနက် အဲဒီမှာ 3 colours နဲ့ အမိုးအဆောင်ကတော့ နှစ်တိုင်း ပြင်ရင်း၊ သင်ရင်းအဆောင်ပါ။ တံငါရွာဖြစ်လို့ ရွှေ့ပြောင်းလုပ်သားတွေများပြီး ကျောင်းသားတွေလည်း များလွန်းတာကြောင့် ခုန စာသင်ဆောင်(၂)ဆောင်ကြားမှာ ယာယီအမိုးလုပ်ပြီး မြေတိုက်အခန်းဖွဲ့

စာသင်ရပါတယ်။ အရှေ့အဆောက်ကလည်း နှစ်(၄၀)ကျော်ပြီ။ ကျောင်းသားတွေကလည်း ထပ်တိုး၊ မြေနေရာကလည်းမရှိဆိုတော့ အဲဒီ(၁၅၀)ပေ (၁)ထပ်ကိုဖြိုပြီး (၁၂၀x၃၀) RC(၂)ထပ် ဆောက်မယ်ဆိုပြီး လျှောက်လွှာတင်ထားလိုက်ပါတယ်။ မှန်းထားတာကတော့ လက်ရှိစာသင်ခန်း (၅)ခန်းကို အဆောင်ဖြိုပြီး (၂)ထပ်ဆောက်ရရင် စာသင်ခန်း (၈)ခန်းရမှာပေါ့။

ဒါပေမဲ့ တကယ်ကျလာတာက စာသင်ခန်း(၄)ခန်းပဲ ဆံ့တဲ့ (၁၂၀x၃၀) Steel Structure (၁)ထပ်ပါ။ အခန်းပိုလာမလားလို့ လျှောက်လိုက်တာ (၁)ခန်းတောင် လျော့သွားဦးမှာဆိုတော့ မယူဘူး၊ ဘာဘူးဆိုပြီး ရွာသားတွေရော၊ ဆရာမကြီးရော ကျွန်တော့်ဆီ ရောက်လာပါတယ်။ အဆင်မပြေဘူးလို့လည်း မပြောရဲ။ ငြင်းလိုက်ရင်လည်း နောက်ဆို ဘာတောင်းတောင်း မရတော့ဘူးဆိုတဲ့ သတင်းကလည်းကြီးနေ၊ ဒုက္ခပဲဆိုတာချည်းပဲ ပရိတ်ရွတ်သလိုရွတ်နေတော့ ကျွန်တော်ပဲ သက်ဆိုင်သူအားလုံးနဲ့လိုက်ညှိ၊ အခု ၂၀၁၈-၂၀၁၉ မှာ (၂)ထပ်ဆောင် ဘတ်ဂျက် ပြန်တင်ခိုင်းထားပါတယ်။ ကြားထဲက အမုန်းခံ ဝင်ပြောပေးတဲ့သူမရှိရင် ဒီအတိုင်းဆောက်၊ ရွာကလည်း အောင့်သက်သက်နဲ့ လက်ခံ၊ နိုင်ငံဘတ်ဂျက်ကလည်း ထိရောက်မှုမရှိဘူးဆိုရင် မကောင်းပါဘူး။ နောက်(၂)ကျောင်းကိုတော့ မတင်ပြတော့ပါဘူး။ ဒီစာသင်နှစ်(၁)နှစ်ကို ရှိတဲ့စာသင်ခန်းနဲ့ ဖြစ်သလိုရုန်းကန်ထားရမယ့် အဲဒီကျောင်းတွေကို လာမယ့်နှစ်မှာ ဦးစားပေး ချထားပေးစေလိုပါတယ်။

ဒါကြောင့် ကျွန်တော် မေးမြန်းလိုတာက အဲဒီကျောင်းတွေကို ရွေးတာ မူချပြီး ရွေးတာလား။ ဘယ်ကျောင်းကိုတော့ Steel Structure (၁)ထပ်၊ ဘယ်ကျောင်းကိုတော့ RC (၂)ထပ် စသည်ဖြင့်ပေါ့။ အဲဒါတွေကို ဘယ်လိုရွေးချယ်ပါသလဲ။ ဘယ်အဆင့်က ဆုံးဖြတ်ပါသလဲ။ မြို့နယ်လား၊ ပြည်နယ်လား၊ ရုံးချုပ်ကလား ဆိုတာသိလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ငွေကုန်ပြီး အကျိုးမရှိတဲ့ဟာမျိုးကို မဖြေရှင်းနိုင်ရင် နိုင်ငံတော်ကလည်း ပညာရေးဘတ်ဂျက်ကို တိုးသုံးနေပါရဲ့၊ ပညာရေးဌာနကလည်း Slide ပြောင်းပေးပါ။ ကျောင်းတွေ တိုးဆောက်နေပါရဲ့။ ဒါပေမဲ့ ခုနကလို နောက်နှစ်(၂၀) ဒီကျောင်းတောင်းတဲ့ ကိစ္စတွေနဲ့ပဲ လွှတ်တော်အမတ်တွေ အလုပ်ရှုပ်နေကြဦးမှာဖြစ်ပါတယ်။ နောက်တစ်ခု ကျွန်တော်ပြပါမယ်။ ဒါက ရေး အ.ထ.က(၁)က ကောင်းကင်မြေပုံပါ။ အနီနဲ့လေးထောင့်ကွက်က ကျောင်းစာကြည့်တိုက်အတွက် ပြင်ဆင်ထားပြီးသားပုံဖြစ်ပါတယ်။ ဒီနေရာကို ၂၀၁၆-၂၀၁၇ GRF ပိုလျှံရန်ပုံငွေထဲက စာကြည့်တိုက်ဆောက်ဖို့ဆိုပြီး တစ်နေရာ ချပေးပါတယ်။

ဒါကတော့ မြေပြင်မှာ စာကြည့်တိုက် အဆောက်အဦသစ်ကို ဆောက်လုပ်နေတဲ့ပုံဖြစ်ပါတယ်။ ဟိုးအနောက်မှာ အစိမ်းရောင် စာကြည့်တိုက် ဆိုင်းဘုတ်ကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နောက်တစ်ပုံကတော့ ရေး အ.ထ.က(၂)ပါ။ အနီရောင်လေးထောင့်ကွက်နဲ့က ၂၀၁၃-၂၀၁၄ မှာ ဆောက်ထားတဲ့ ဝန်ထမ်းအိမ်ရာ ဖြစ်ပါတယ်။ အဲဒီကျောင်းကိုလည်း GRF ထဲကပဲ ဝန်ထမ်းအိမ်ရာ ထပ်ချပြန်ပါတယ်။ နေရာကလည်းမရှိ၊ လိုလည်းမလိုဘူးဆိုတော့ လဲပေးလို့မရဘူးလား ဆိုပြီးတော့ ကျွန်တော့်မြို့က ဖုန်းဆက်လာပါတယ်။ ကျောင်းအကျိုးတော်ဆောင် နှစ်ဖက်စလုံးကို မေးကြည့်တော့ အဲဒီလိုဆိုရင် နှစ်ဖက်စလုံးက အဆင်ပြေတယ်လို့ပြောပါတယ်။

ဒီတော့ မဆောက်ရသေးခင် ကျွန်တော် ပြည်နယ်ပညာရေးမှူးရုံးကို ဖုန်းဆက်ပါတယ်။ မရတော့ဘူးလို့ ပြန်ဖြေပါတယ်။ လုပ်ငန်းတောင်မစရသေးဘူး၊ မရတော့ဘူးဆိုတော့ ကျွန်တော် စဉ်းစားလို့ မရပါဘူး။ (၂)ခုလုံးက တစ်မြို့တည်းမှာ။ ဒီလောက်လွယ်တဲ့ကိစ္စ၊ ဘာလို့ ဒီလောက်ခက်နေရတာလဲဆိုတာ ကျွန်တော် စဉ်းစားလို့မရပါဘူး။ ကျွန်တော် ရေးကိုပြန်ရောက်တော့ အခြေအနေက ဆောက်ပြီးနေပါပြီ။ Slide ပြောင်းပေးပါ။ အဲဒီလိုမျိုး ကျပ်ကျပ်ညပ်ညပ် ဆောက်ထားတာ တွေ့ရပါတယ်။ ဒီအဆောက်အအုံတွေ ပြောင်းဆောက်သင့်/မဆောက်သင့်က ပုံကို ကြည့်ပြီး ဆုံးဖြတ်ပါလို့ပဲ ပြောချင်ပါတယ်။ Slide ပြောင်းပေးပါ။ ပြီးခဲ့တာတွေကလည်း ပြီးခဲ့ပါပြီ။ နောင် ဒီလိုမဖြစ်ဖို့နဲ့၊ ဒီလိုဖြစ်ရင် ဘယ်လိုအလွယ်တကူ ကုစားနိုင်အောင် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုစီမံ ဆောင်ရွက်ထားသလဲဆိုတာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုပါတယ်။ အပေါ်မှာ ကျွန်တော် ပြောခဲ့သလိုပဲ ဒီမေးခွန်းကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မနစ်နာစေလိုကြောင်း ထပ်မံပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)


ဖြိုမည့် စာသင်ဆောင်၏ မြင်ကွင်းပုံ (အအ)



၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေ GRF မှ ငွေကျပ် (၁၅.၆) သန်းဖြင့် တည်ဆောက်ထားသော (၄၀ x ၃၀) ပေ Steel Structure(၁)ထပ် စာကြည့်တိုက် မြင်ကွင်းပုံ (အအ-၁)




နှစ်ဆောင်ပြိုင် ကျောင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာ မြင်ကွင်းပုံ (အအ-၂)



**အစိုးရ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် ဘဝအတွက်တာ ကျွမ်းကျင်စရာနှင့် လူ့အခွင့်အလမ်းဘာသာရပ်များ သင်ကြားနေသကဲ့သို့ ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင်လည်း ၎င်းဘာသာရပ်များ သင်ကြားခြင်းရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန် က အစိုးရ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် ဘဝအတွက်တာ ကျွမ်းကျင်စရာနှင့် လူ့အခွင့်အလမ်း ဘာသာရပ်များ သင်ကြားနေသကဲ့သို့ ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင်လည်း ၎င်းဘာသာရပ်များ သင်ကြားခြင်းရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။　　။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကင်းရှိန် ဖြစ်ပါတယ်။ ကျွန်တော် အခုတင်ပြမယ့် မေးခွန်းဟာ ဒေါက်တာဒေါ်တင်တင်ဝင်း အမျိုးသားလွှတ်တော်ကို တင်သွင်းခဲ့တဲ့ အဆိုနှင့်ဆက်စပ်ပြီး ဖြစ်လာတဲ့ မေးခွန်းပါ။ ဒေါက်တာဒေါ်တင်တင်ဝင်း အဆိုကို ဆွေးနွေးရာမှာ ပြည်ထောင်စုဝန်ကြီးက အစိုးရကျောင်းတွေမှာ ဘဝအတွက်တာ ကျွမ်းကျင်စရာနှင့် စာရိတ္တလောကနီတိဘာသာရပ်၊ လူ့အခွင့် အလမ်း ပညာရေးသင်ခန်းစာများ သင်ကြားနေကြောင်း ရှင်းလင်းတင်ပြပါတယ်။ အင်မတန် ကောင်း ပါတယ် ခင်ဗျား။ ဘဝအတွက်တာ ကျွမ်းကျင်စရာဟာဆိုရင် နဝမတန်းအဆင့်မှာ လူ့ဘဝမှာ ကျွမ်းကျင် စရာ၊ မူးယစ်အန္တရာယ် တို့ကာကွယ်၊ သတိပြုပါ လိင်ရောဂါ၊ ဆယ်ကျော်သက်ရွယ် သတိထားဖွယ် ဆိုပြီး နယ်ပယ်(၄)ခု၊ ဒသမတန်းမှာ (၃)ခု ပါဝင်ပြီး သင်ကြားနေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသင်ခန်းစာတွေရဲ့ ရည်ရွယ်ချက်က (၁)ကျောင်းသား၊ ကျောင်းသူများ မိမိတို့၏ ခန္ဓာကိုယ်ကျန်းမာရေးနဲ့ စိတ်ကျန်းမာပျော်ရွှင်ရေးအကြောင်း သိရှိနေထိုင် တတ်ရန်၊ (၂) ပတ်ဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါများအကြောင်းကိုသိရှိပြီး ကြိုတင်ကာကွယ် နေထိုင်တတ်ရန်၊ (၃) ဘဝတစ်သတ်တာအတွင်း လိုအပ်တဲ့ အခြေခံလူမှုဆက်ဆံရေးကျွမ်းကျင်မှု အလေ့အကျင့်ကောင်းများရရှိပြီး ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေထိုင်တတ်ရန်ဆိုပြီး ဖြစ်ပါတယ် ခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဝအတွက်တာ ကျွမ်းကျင်စရာ သင်ခန်းစာနှင့်အတူ အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်း၊ အထက်တန်းအဆင့် နဝမတန်းတို့မှာ ၎င်းတို့ အသက်အရွယ်အလိုက် ရရှိသင့်တဲ့အခွင့်အရေးများနှင့် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို သိရှိနားလည် လိုက်နာကျင့်သုံးတတ်စေရန် ရည်ရွယ်ပြီး လူ့အခွင့်အလမ်းပညာရေးသင်ခန်းစာကို သင်ပေးနေပါတယ်။ အစိုးရကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ သင်ယူခွင့်ရနေကြပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရကျောင်းများမှာ သင်နေတဲ့ ကျောင်းသား၊ ကျောင်းသူများ သင်ယူနေတဲ့ ၎င်းသင်ခန်းစာတွေကို ပုဂ္ဂလိကကျောင်း (၄၃၈)ကျောင်းမှာရှိတဲ့ ကျောင်းသား(၁)သိန်းကျော်၊ ဘုန်းတော်ကြီးပညာသင်ကျောင်း(၁၅၈၆)ကျောင်းမှာရှိတဲ့ ကျောင်းသား (၃)သိန်းကျော်တို့အထဲက အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသားတွေဟာ အဲဒီ ဘာသာများ သင်ရလား၊ မသင်ရဘူးလားလို့။ မသင်ကြားပေးနိုင်ဘူးလား။ သင်ကြားပေးမယ်ဆိုရင် လည်း ဘယ်နှစ်မှာ သင်ကြားပေးမယ်ဆိုတာ ကျွန်တော် မေးမြန်းလိုခြင်းဖြစ်ပါတယ်ခင်ဗျား။

အဲဒါနဲ့ မပြောမပြီး၊ မတီးမမြည် ဆိုသလို ကျွန်တော်တို့ ပုလော အ.ထ.က ရဲ့ လူ့အခွင့်အလမ်း သင်ခန်းစာအကြောင်း အနည်းငယ် ရှင်းပြပါရစေခင်ဗျား။ ပုလော အ.ထ.က မှာ ၂၀၀၄ ခုနှစ်မှာ လူ့အခွင့်အလမ်း သင်ခန်းစာ သင်ကြားပါတယ်။ သင်ပြီး တစ်လ၊ နှစ်လ အကြာမှာ ပြဿနာဖြစ်ပြီး၊ ကျွန်တော်အသိ ၂၀၁၆ ခုနှစ်အထိ မသင်ဖြစ်ဘူးခင်ဗျား။ ပြဿနာကဘာဖြစ်လဲဆိုရင် လူ့အခွင့်အလမ်း သင်တဲ့ ဆရာမက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းမှာပါတဲ့ လူအားလုံးတို့သည် ဥပဒေအရာ၌ တူညီကြသည့်အပြင် ဥပဒေ၏အကာအကွယ်ကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။ ၎င်း ကြေညာစာတမ်းပါ သဘောတရားများကို ဖီဆန်၍ခွဲခြားခြင်းမှလည်းကောင်း၊ ထိုကဲ့သို့ ခွဲခြားခြင်းကို လှုံ့ဆော်ခြင်းမှလည်းကောင်း ကင်းလွတ်စေရန် အကာအကွယ်ကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်ဆိုတဲ့ အပိုဒ်ကို ဥပမာ ဥပမည်းနဲ့ ရှင်းပြတယ်။ ဆရာမက ဥပမာ မြို့ထဲမှာ ဖြစ်ခဲ့တဲ့ဟာ တစ်နေ့ ဆရာမတွေ အိမ်မှာ ဧည့်စာရင်းမတိုင်တဲ့ ကျောင်းသားတွေ ဖမ်းမိတယ်။ ဆရာမ (၃)ယောက်အိမ်မှာ။ ဆရာမ တစ်ယောက်က ဒဏ်(၅၀၀)ထိတယ်။ နောက်ဆရာမတစ်ယောက်က ထော်လာဂျီ တစ်စီးတိုက် လမ်းမြေ ဖို့ပေးရတယ်။

နောက် ဆရာမတစ်ယောက်က အိမ်ထောင်ဦးစီးတစ်ယောက်က ထောင်(၇)ရက်ကျတယ်။ အဲဒါကို ဆရာမကရှင်းပြလိုက်တော့ အဲဒီသတင်း မြို့ထဲရောက်သွားတယ်ခင်ဗျား။ မြို့ထဲရောက် သွားတော့ ထောက်လှမ်းရေးက ကြားတယ်။ ထောက်လှမ်းရေးက ထွေ/အုပ်ကို ပြောတယ်။ ကျောင်းမှာ ဘာတွေသင်နေလဲ ထွေ/အုပ်က ပညာရေးမှူးကို ပြောတယ်။ ပညာရေးမှူးက ခရိုင်ကိုပြောတယ်။ ခရိုင်က လူကြီးတွေ ဆင်းလာပြီး ဆရာမကို လာစစ်တယ်ခင်ဗျား။ ဆရာမကလည်း ရှင်းပြလိုက်တယ်။ အခု သင်ရိုးညွှန်းတမ်းရဲ့ ဘယ်စာမျက်နှာ ဘယ်အပိုဒ်မှာ အဲဒါတွေ ပါတယ်ပေါ့။ အဲဒါကို ဥပမာ ဥပမည်းနဲ့ရှင်းပြတယ်ပေါ့။ အမှန်တကယ်လည်း အဲဒါ ဖြစ်ခဲ့တယ်ပေါ့။ အဲဒီထောင်ကျတယ်ဆိုတဲ့ အိမ်ထောင်ဦးစီးကလည်း သူ့အဖေပါလို့ ဆရာမက ပြောပြတယ်ခင်ဗျား။ အဲဒါသင်ရိုးနဲ့လည်း ကိုက်ညီ နေတဲ့အတွက် ဆရာမကို အရေးမယူတော့ဘူး။ ဒါပေမဲ့ တာဝန်ရှိတဲ့လူကြီးတစ်ယောက် ပြောခဲ့တဲ့ စကားတစ်ခွန်းကတော့ ဆရာမတဲ့ အဲဒါတွေဟာ For Show ဆိုတာ မသိဘူးလားတဲ့။ အဲဒီလို ပြောသွားပါတယ်ခင်ဗျား။

အဲဒါကြောင့် ကျွန်တော်က ပြီးခဲ့တဲ့ဟာတော့ ပြီးပြီပေါ့။ အခု နောက်ဆုံး အဲဒီ For Show မဟုတ်ဘဲနဲ့ ဘဝအတွက်တာ ကျွမ်းကျင်စရာနှင့် လူ့အခွင့်အရေး သင်ခန်းစာများကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ပုဂ္ဂလိကကျောင်းတွေမှာ သင်ဖို့ရည်ရွယ်ချက်ရှိ/မရှိ လေးစားစွာ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။(ဩဘာသံများ)

**ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာ အလယ်တန်းကျောင်းတွင် (၁၀၈ x ၃၀x ၁၂) ပေ RC ကျောင်းဆောင်သစ်တစ်ဆောင်ကို ယခု ပညာသင်နှစ် သို့မဟုတ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာ အလယ်တန်းကျောင်းတွင် (၁၀၈ x ၃၀ x ၁၂) ပေ RC ကျောင်းဆောင်သစ်တစ်ဆောင်ကို ယခုပညာသင်နှစ် သို့မဟုတ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမြင့်နိုင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးနဲ့ပတ်သက်တဲ့ မေးခွန်းကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် လူဦးရေအားဖြင့် (၂၁၆၉၇၀)ဦး ရှိပါတယ်။ ကျေးရွာပေါင်းက(၂၈၃)ရွာ ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး အထက်တန်းကျောင်းက(၈)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)က(၈)ကျောင်း၊ အလယ်တန်းကျောင်း(၁၄)ကျောင်းနဲ့ အ.လ.က(ခွဲ) (၁၄)ကျောင်း၊ အ.မ.က (လွှန်)ကျောင်း (၅၇)ကျောင်း၊ အ.မ.က ကျောင်း(၁၁၉)ကျောင်း၊ အ.မ.က(ခွဲ)က (၃၈)ကျောင်း ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်တွင်ရှိတဲ့ ကျောင်းတွေကို အဆင့်တိုးမြှင့်ပေးခဲ့ပြီး ကျောင်းဆောင်သစ်ကို ဆောက်ပေးခြင်းမရှိတဲ့အတွက် ကျောင်းသားနှင့် ကျောင်းလောက်မှု မရှိဘူးဆိုတာ ကျွန်တော်တို့တွေ့နေရပါတယ်။ ကျွန်တော်တို့ မင်းသားတောင် ကျေးရွာမှာ အလယ်တန်းကျောင်းကို ယခုပညာသင်နှစ်တွင် အလယ်တန်းအဆင့်တိုးမြှင့်ပေးခဲ့ပြီး ကျောင်းသားဦးရေမှာ အလယ်တန်းအဆင့်(၁၄၈)ဦး၊ မူလတန်းအဆင့်က(၂၅၄)ဦး၊ စုစုပေါင်း(၄၀၂)ဦးရှိတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။

အဆိုပါ ကျောင်းတွင် ကျောင်းဆောင်အဖြစ်က (၉၀x၃၀)ပေ ကျောင်းဆောင်တစ်ဆောင်ပဲ ရှိပါတယ်။ ကျောင်းသားဦးရေနှင့် ကျောင်းဆောင်မှာ လုံလောက်မှုမရှိတော့ပါ။ ယခုလက်ရှိ အခြေအနေအရတော့ အဆိုပါ (၉၀x၃၀)ပေရှိတဲ့ ကျောင်းရဲ့ဘေးနှစ်ဖက်မှာ အဖီတွဲပြီး ဓနိမိုး၊ ဓနိကာနဲ့ မြေကြီးပေါ်တွင် သင်ကြားနေရပါတယ်။ မိုးရာသီတွင် ရေများဝင်ရောက်မှုရှိပြီး စာသင်ကြား၍မရရှိတော့ပါ။ မင်းသားတောင်ကျေးရွာတွင် အိမ်ခြေအားဖြင့်(၅၇၉)အိမ်ရှိပြီး လူဦးရေအားဖြင့် (၂၆၉၂)ဦးရှိပါတယ်။ ကျောင်းသားဦးရေက များသည်ထက်များလာနိုင်ပါတယ်။ အနီးအနားမှာရှိတဲ့ ကျွန်တော်တို့ အလယ်တန်းပညာကို အဲဒီကျောင်းမှာပဲ လာရောက်သင်ကြားခြင်းကြောင့်လည်း များနေရခြင်း

ဖြစ်ပါတယ်။ မင်းသားတောင်ကျေးရွာတွင် အလယ်တန်းကျောင်းအား ယခု ပညာသင်နှစ်အမီ မဖြစ်မနေ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သွားရောက်ကြည့်ရှုခဲ့ပြီး ပညာသင်ကြားနေတဲ့ ကျောင်းသားများကို ကြည့်ရှုရတဲ့အတွက် စိတ်မကောင်းများစွာဖြစ်မိခဲ့ရပါတယ်။

ကျွန်တော်တို့ဒေသ ကျောင်းသားများကို ထောက်ရှုသောအားဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာ အလယ်တန်းကျောင်းကို (၁၀၈ x ၃၀ x ၁၂)ပေ RC ကျောင်းဆောင်သစ်ကို ယခု ပညာသင်နှစ် သို့မဟုတ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က တနင်္သာရီတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဇော်ဟိန်း၏ မေးခွန်းဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်းဖြေဆိုရန် စာစစ်ဌာနတစ်ခုအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ချထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဦးစွာတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ယခုပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ဦးရေမှာ (၄၇)ဦးရှိပြီး အဲဒီကျေးရွာမှာ ရဲစခန်းတစ်ခုရှိတာ စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် အဲဒီကျောင်းမှာ စာစစ်ဌာနအသစ်ဖွင့်လှစ်ခွင့်ရမယ်ဆိုရင် အဲဒီကျောင်းရဲ့ အနီးပတ်ဝန်းကျင်ဖြစ်တဲ့ ပန်းဇင် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ(၄၆)ဦး၊ ညောင်ဘီး အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ(၁၉၄)ဦးနှင့် မောင်းလှော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူ(၃၆)ဦး၊ စုစုပေါင်း(၂၇၆)ဦးတို့သည် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ဒီစာစစ်ဌာနမှာ ဖြေဆိုနိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသည့်အတိုင်း ဒီကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ဖြေဆိုသူကျောင်းသား၊ ကျောင်းသူ အကျိုးရှိစွာ ဖြေဆိုနိုင်မယ့်အပြင် လုံခြုံရေးအတွက် ရဲစခန်းတစ်ခုပါရှိတဲ့အတွက် စာစစ်ဌာနဖွင့်လှစ်နိုင်ရေး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ချင်းပြည်နယ်အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းဆောင်များ၊ ဟောင်းနွမ်းနေသည့် ကျောင်းများနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေသည့် ကျောင်းများကို ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းသည် ပလက်ဝမြို့နယ်တစ်ခုလုံးဒါ ခြုံငုံမေးမြန်းထားခြင်းဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့လည်း ယေဘုယျသဘော ခြုံငုံဖြေကြားခွင့်ပြုပါရန် ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ အခြေခံပညာကျောင်းတွေမှာ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းအတွက် ရန်ပုံငွေလျာထားချက်ဆောင်ရွက်ရာမှာ အခြေခံပညာဦးစီးဌာနမှ ခွဲဝေရရှိတဲ့ရန်ပုံငွေအရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၊ မြို့နယ်တစ်ခုချင်းစီအလိုက် ကျောင်းသားဦးရေကို အခြေပြုပြီး ရန်ပုံငွေ ခွဲဝေသတ်မှတ်ခြင်းကို ဦးစွာဆောင်ရွက်ရပါတယ်။

အဲဒီလို ဆောင်ရွက်ပြီးတဲ့အခါမှ မြို့နယ်ပညာရေးမှူးတွေအနေနဲ့ ၎င်းတို့ရဲ့မြို့နယ်အတွင်းမှ အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရတိုးချဲ့ရန် လိုအပ်သော ကျောင်းဆောင်အရေအတွက်၊ သဘာဝဘေးဒဏ်ကြောင့် မြေနေရာပြောင်းရွှေ့ ဆောက်လုပ်ရမယ့် ကျောင်းအရေအတွက်၊ သိပ္ပံဆောင် လိုအပ်ချက်ရှိသောကျောင်းများ၊ KG ဆောင် လိုအပ်ချက်ရှိသော ကျောင်းများ၊ ဝန်ထမ်းအိမ်ရာ လိုအပ်ချက်ရှိသောကျောင်းများ စသည်ဖြင့် လိုအပ်ချက်အလိုက် အုပ်စုခွဲခြားပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှု၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်မှုနဲ့ ဦးစားပေးအဆင့်များ သတ်မှတ်ပြီး ခွဲဝေသတ်မှတ်ပေးသည့် ရန်ပုံငွေပမာဏဘောင်အတွင်းမှ လျာထားတင်ပြရတာရှိပါတယ်။

ယခုကဲ့သို့ လျာထားဆောင်ရွက်မှုများအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ပလက်ဝမြို့အတွင်း(၂၀x၂၀)ပေ Steel Structure တစ်လုံး ဆောက်ရန် ငွေကျပ်(၆.၄)သန်း၊ သံတောင်အခြေခံပညာအထက်တန်းကျောင်းမှာ (၁၄၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် (၂)ထပ်ဆောင်ဆောက်ရန် ငွေကျပ်(၁၃၄.၄)သန်း၊ တုံးမဝ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၁၀၀x၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ် (၂)ထပ်ဆောက်လုပ်ဖို့ ငွေကျပ်(၉၆)သန်း၊ ထိုးနူး အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှာ (၉၀x၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ(၁)ထပ်ဆောက်လုပ်ရန် ငွေကျပ် (၃၂.၄)သန်း၊ ဝါလောင်ကုန်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ (၉၀x၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ(၁)ထပ် ဆောက်လုပ်ရန်

ငွေကျပ်(၃၂.၄)သန်း၊ မြို့မအခြေခံပညာ မူလတန်းလွန်ကျောင်းမှာ (၁၃၀x၃၀)ပေ RCC (၂)ထပ် ဆောက်လုပ်ရန် ငွေကျပ်(၁၅၆)သန်း၊ ရမ်ရီအခြေခံပညာ မူလတန်းလွန်ကျောင်းမှာ (၆၀x၃၀)ပေ RCC (၁)ထပ် ဆောက်လုပ်ရန် ငွေကျပ် (၃၆)သန်း၊ ကယက် အခြေခံပညာမူလတန်းလွန်ကျောင်းမှာ (၉၀x၃၀) ပေ သွပ်မိုး၊ ပျဉ်ကာ (၁)ထပ် ဆောက်လုပ်ဖို့ ငွေကျပ် (၃၂.၄)သန်း၊ ငရှားအခြေခံပညာ မူလတန်းလွန် ကျောင်းမှာ (၉၀x၃၀) ပေ သွပ်မိုး၊ ပျဉ်ကာ (၁)ထပ်ဆောက်လုပ်ရန် ငွေကျပ်(၃၂.၄)သန်း၊ ဆင်အိုး၀(၁) အခြေခံပညာ မူလတန်းကျောင်းမှာ (၆၀x၃၀)ပေ RCC (၁)ထပ် ဆောက်လုပ်ဖို့အတွက် ငွေကျပ်(၃၆) သန်း၊ ပုံဒေါအခြေခံပညာ မူလတန်းကျောင်းမှာ (၆၀x၃၀)ပေ RCC(၁)ထပ် ဆောက်လုပ်ရန် ငွေကျပ် (၃၆)သန်း၊ ရေချမ်း၀အခြေခံပညာ မူလတန်းကျောင်းမှာ (၆၀x၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ (၁)ထပ် ဆောက်လုပ်ဖို့ ငွေကျပ်(၂၁.၆)သန်း၊ လပုန်ကုန်း အခြေခံပညာ မူလတန်းကျောင်းမှာ (၆၀x၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ (၁)ထပ်ဆောက်လုပ်ဖို့ ငွေကျပ်(၂၁.၆)သန်း၊ ဆိုက်ဟားအခြေခံပညာ မူလတန်းကျောင်း(ခွဲ)မှာ (၆၀x၃၀)ပေ RCC (၁)ထပ်ဆောက်လုပ်ဖို့ ငွေကျပ်(၃၆)သန်း စသဖြင့် စုစုပေါင်း ငွေကျပ်သန်းပေါင်း (၇၀၉.၆)သန်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါမှာ ဒီကျောင်းတွေရဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကို ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ တာဝန်ယူ ဆောက်လုပ်နေပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒ့ါအပြင် လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တင်ပြပါ ရန်ပုံငွေလျာထားချက်များ လက်ရှိလျာထားပါတယ်။ ချင်းပြည်နယ် တစ်ခုလုံးမှာ ကျောင်းပေါင်း (၁၀၃)ကျောင်းအတွက် ကျောင်းဆောင်သစ်များဆောက်လုပ်ဖို့ ရန်ပုံငွေ သန်းပေါင်း(၇၀၀၆.၇၅)သန်း လျာထားပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ပလက်ဝမြို့နယ်အတွင်းမှာတော့ ကျောင်းဆောင်(၂၄)ကျောင်းမှာ အခြေခံပညာကျောင်း (၂၄)ကျောင်းမှာ ကျောင်းဆောင်သစ်များဆောက်လုပ်ရန် ငွေကျပ် (၁၁၈၈.၀၉)သန်းကို လျာထား ပါတယ်။ ဒီလျာထားချက်များကို ယခုလကုန်မှာ တိုင်း/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေး ဝန်ကြီးများနဲ့ ထပ်မံတွေ့ဆုံပြီးတော့ ဒီ(၂၄)ကျောင်းသည် ဦးစားပေးအဆင့် ထပ်မံလျာထားဆောင်ရွက်ပါမည် ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

နောက် ကျွန်တော်ကပဲ ဆက်လက်ပြီး မွန်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးဝင်း ၏ မေးခွန်းဖြစ်သော ပညာရေးဝန်ကြီးဌာနက ဘတ်ဂျက်နှစ်၊ ဘဏ္ဍာနှစ်အလိုက် အဆောက်အအုံများကို တည်ဆောက်ခွင့်ပြုချက်များ ချထားပေးရာတွင် မြို့နယ်အလိုက် သက်ဆိုင်ရာ အခြေခံပညာကျောင်းအသီးသီးမှ တင်ပြလာမှုများအပေါ် ခွင့်ပြုသင့်သည့် ကျောင်း အဆောက်အအုံ အမျိုးအစားများကို မည်ကဲ့သို့ စိစစ်ရွေးချယ်သည်။ တည်ဆောက်ခွင့် ပြုလိုက်သည့် အချို့အဆောက်အအုံများမှာ အောက်ခြေ မြေပြင်လိုအပ်ချက်နှင့် မကိုက်ညီသဖြင့် ပြန်လည်တင်ပြမှု များအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနက ပြီးခဲ့တဲ့မေးခွန်းမှာ တင်ပြတဲ့အတိုင်းပဲ ဒီ အခြေခံပညာကျောင်းတွေမှာ လိုအပ်တဲ့အဆောက်အအုံတွေကို တည်ဆောက်ရန်ချထားပေးရာမှာ မိမိတို့လိုအပ်ချက်တွေကို အသိရှိဆုံးဖြစ်တဲ့ အခြေခံပညာကျောင်းများ၊ ကျောင်းအုပ်ကြီးများ တင်ပြချက်၊ တောင်းခံချက်တွေကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများက မြို့နယ်အလိုက် ခွဲဝေ လျာထားပေးသည့် ရန်ပုံငွေပမာဏ ခွဲတမ်းအပေါ် မူတည်ပြီး ဦးစားပေးအစီအစဉ်အလိုက် တန်းစီဇယားနဲ့ ဆောင်ရွက်ထားရှိပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ အန္တရာယ်ရှိကျောင်းဆောင် ဖျက်သိမ်းပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြတောင်းခံထားတဲ့ကျောင်းများကို ဦးစားပေးဆောင်ရွက်ခြင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်းဆောင်များအား ပြင်ဆင်ဆောက်လုပ်ခြင်း၊ ကျောင်းသားဦးရေနဲ့ စာသင်ခန်း မလုံလောက်သည့်အတွက် ကျောင်းဆောင်သစ် လိုအပ်ချက်တွက်ချက်ခြင်း၊ KG ကျောင်းဆောင်ဆောက်လုပ်ခြင်း၊ သိပ္ပံခန်းဆောင် ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း စသဖြင့် ဦးစားပေးအစီအစဉ် လျာထားရပါတယ်။ အဲဒီလို သတ်မှတ်တဲ့အခါမှာ ရန်ပုံငွေ ခွဲတမ်းပေါ်မှာမူတည်ပြီး မျှတစွာ ပါဝင်ဆောင်ရွက်နိုင်အောင် ရွေးချယ်ရပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ မြေပြင်မှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပူးပေါင်းပါဝင်မှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်မှု၊ ၎င်းတို့၏ သဘောထားမှတ်ချက်များနှင့်အတူ အခြေခံပညာဦးစီးဌာနသို့တင်ပြရပါတယ်။ ဒီလို တင်ပြရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့ အစည်းအဝေးမှတ်တမ်းမှာ တွဲဖက်ဆောင်ရွက်ရပါတယ်။ ဒီလိုရရှိပြီးမှ ပညာရေးဝန်ကြီးဌာနက စိစစ်ပြုစုရပါတယ်။ ထိုမှတစ်ဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရပါတယ်။ ၎င်းမှတစ်ဆင့် နိုင်ငံတော်သမ္မတဦးဆောင်တဲ့ ဘဏ္ဍာရေးကော်မရှင်ထံ တင်ပြအတည်ပြုရပါတယ်။ အဓိကအဆုံးအဖြတ်ကတော့ ပြည်ထောင်စုလွှတ်တော်ကြီးမှာ အတည်ပြုချက်ရယူပြီးမှ ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။ ခုနကတင်ပြတဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ အခြေခံပညာကျောင်း(၈)ကျောင်းမှာ ကျောင်းဆောင်သစ်များဆောက်လုပ်ဖို့ (၄၀၅.၃)သန်း ခွဲဝေဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီခွဲဝေမှုကို ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ကြီးကြပ်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးပြီ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ခုနကတင်ပြတဲ့ စာကြည့်တိုက်လိုအပ်ချက်နဲ့ ဝန်ထမ်းအိမ်ရာလိုအပ်ချက်သည် ပြင်ဆင်မယ်ဆိုရင် ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ပြီးဖြစ်သည့်အတွက် ဘဏ္ဍာရေးကော်မရှင်ထံ ပြန်လည်အတည်ပြုရတာရှိပါတယ်။ ကြားမှာ အဆင့်ပေါင်းများစွာ ဆောင်ရွက်ရတာရှိပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေအရ ဆုံးဖြတ်ပြီးသား ဒီအသုံးစရိတ်သည် မသုံးစွဲရင် ပြန်အပ်ရုံသာရှိပြီး ဒါ မိမိသဘောအရ ပြန်လည်ပြင်ဆင်ရန် အခက်အခဲ ရှိပါတယ်။ အဲဒီတော့ အဲ့ဒီလိုလွဲမှားမှုများ မရှိစေရန်ကတော့ ဒီ အစကနေ မူလလိုအပ်ချက် စာရင်းပြုစုရာမှာ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုသည် အလွန် အရေးကြီးပါတယ်။ ကျွန်တော်တို့ ယခုနှစ်ဘတ်ဂျက်အတွက်လည်း ဒီလကုန်လောက်မှာ ဒါ

တစ်ကျောင်းချင်း ဒီသက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို ဖိတ်ကြားပြီးတော့ ကျွန်တော်တို့ အတည်ပြုဖို့ရှိပါကြောင်း ကျွန်တော် ဖြည့်စွက်တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီဘဏ္ဍာရေးလုပ်ငန်းများ တင်ပြအတည်ပြုဆောင်ရွက်ရတဲ့အခါမှာ အမှန်တကယ် ဆောက်လုပ်ခွင့်ပြုတဲ့အချိန်မှာ မြေပြင်အနေအထားနဲ့ မကိုက်ညီဘူးဆိုရင် ပြင်ဆင်စရာရှိတာတွေကိုတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများမှတစ်ဆင့် အဆင့်ဆင့် ဒါတင်ပြဆောင်ရွက်ရပါတယ်။ အချိန်လည်း အများကြီး လိုပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒေသလိုအပ်ချက်ကို ဒါ အလွန်အရေးထား ဦးစားပေးပါတယ်။ ပုံစံတွေ၊ ဈေးနှုန်းတွေမှာတောင် နေရာဒေသအလိုက် မိုးများပြီး ရေကြီးမှု၊ ပူပြင်းခြောက်သွေ့သောဒေသများ၊ ငလျင်ဒဏ်နှင့် သဘာဝဒေသ၊ သဘာဝဘေးဒဏ် ဖြစ်တတ်တဲ့နေရာတွေမှာ ဒီ ဒေသတွေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ အဆောက်အအုံတွေဖြစ်စေဖို့ ဒါ ကျွန်တော်တို့ အမြဲတမ်း တိုင်းဒေသကြီးအစိုးရများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီမကြာမီကာလ ယခုလကုန်အတွင်းမှာပဲ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများကို တွေ့ဆုံဖိတ်ကြားပြီးတော့ အသေးစိတ်ရှင်းလင်းတင်ပြ အတည်ပြုဆောင်ရွက်ဖို့ အစီအစဉ်ရှိပါကြောင်းနဲ့ ဒီ ကျွန်တော်တို့ ဘဏ္ဍာငွေသုံးစွဲမှုများကို ကိုယ်စားလှယ်ကြီး တင်ပြသည့်အတိုင်း ပြည်သူလူထု လိုအပ်ချက်နဲ့ အမှန်ကန်ဆုံး အနီးစပ်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကင်းရှိန် ရဲ့ မေးခွန်းဖြစ်သော အစိုးရအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများတွင် ဘဝအတွက်တာ ကျွမ်းကျင်စရာနှင့် လူ့အခွင့်အလမ်း ဘာသာရပ်များ သင်ကြားနေသကဲ့သို့ ပုဂ္ဂလိကကျောင်းများ၊ ဘက ဘုန်းတော်ကြီးကျောင်းများတွင် ၎င်းဘာသာရပ်များ သင်ကြားပေးနေခြင်းရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန လက်အောက်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်းများ၊ အခြေခံပညာ မူလတန်းကျောင်းတွေမှာ Co - Curriculum တွဲဖက်သင်ရိုးဘာသာရပ်ဖြစ်တဲ့ ဘဝအတွက်တာကျွမ်းကျင်စရာနဲ့ လူ့အခွင့်အလမ်း ဘာသာရပ်များကို သင်ကြားပေးလျက်ရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းပြီးဖြစ်တဲ့ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်နည်းဥပဒေပါ ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်ဖို့ လျှောက်ထားရာမှာ ဖြည့်သွင်းရသည့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လျှောက်လွှာပုံစံ(၁)၊ အမှတ်စဉ်-၄(က)မှာ ဘာသာရပ်အလိုက် သင်ချိန်၊ နာရီ၊ ခေါင်းစဉ်ပါ အခြေခံပညာအဆင့်အတန်းအလိုက် သတ်မှတ်ထားသော စာပေဘာသာရပ်၊ တွဲဖက်သင်ရိုးဝင်ဘာသာရပ်၊ ဖွံ့ဖြိုးရေးဘာသာရပ်များကို တစ်နှစ်စာသင်ချိန် နာရီအပြည့် ပြည့်မီစွာ လေ့ကျင့်သင်ကြားပေးရမည်ဆိုတဲ့ အာမခံချက်ပါရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်နည်းဥပဒေများအရ ဖွင့်လှစ်သင်ကြားရတဲ့ ပုဂ္ဂလိက အထက်တန်းကျောင်းတွေ၊ အလယ်တန်းကျောင်းတွေ၊

မူလတန်းကျောင်းတွေမှာ ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော တွဲဖက်သင်ရိုးဝင်ဘာသာရပ်တွေကို အစိုးရကျောင်းများနည်းတူ သင်ကြားဆောင်ရွက်ရပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း တွဲဖက်သင်ရိုးဝင်ဘာသာရပ်တွေရဲ့ ဆရာလက်စွဲ၊ ကျောင်းသုံးစာအုပ်၊ သင်ချိန်ခွဲဝေမှု ဇယားတွေကိုလည်း ၂၀၀၀-၂၀၀၁ ပညာသင်နှစ်ကစပြီး သတ်မှတ်ဖြန့်ဝေဆောင်ရွက်ပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ၎င်းတွဲဖက် သင်ရိုးဝင်ဘာသာရပ်တွေ သင်ကြားပေးနိုင်ဖို့ သင်တန်းတွေကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ဗဟိုအဆင့်ဆိုပြီး သတ်မှတ်ပို့ချမှုများလည်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အချိန်မှာ ဘုန်းတော်ကြီးကျောင်းသင်ပညာရေး၊ ပုဂ္ဂလိက ကျောင်းသင်ပညာရေးတွေက ဆရာ၊ ဆရာမများလည်း တက်ရောက်စေခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရ တင်ပြရမယ်ဆိုရင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုစည်းကမ်း အခန်း(၅)၊ အပိုဒ်(၃၂)၊ အပိုဒ်ခွဲ(င)မှာ ပညာသင်ဆရာ၏ တာဝန်ဝတ္တရားများအဖြစ် ဘာသာရပ်များကို သင်ရိုးညွှန်းတမ်းနဲ့အညီ သင်ကြားပို့ချရန် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ယင်းပြဋ္ဌာန်းချက်အရ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့အနေနဲ့ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးများမှာ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသော သင်ရိုးညွှန်းတမ်းနဲ့အညီ သင်ကြားရေး၊ ပညာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားရှိတဲ့ သင်ရိုးညွှန်းတမ်းများနှင့် တွဲဖက်သင်ရိုးဝင် ဘာသာရပ်များဖြစ်တဲ့ ဘဝအတွက်တာ ကျွမ်းကျင်စရာ၊ လူ့အခွင့်အလမ်း ဘာသာရပ်များကို ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာ သင်ကြားလျက်ရှိပါကြောင်းနှင့် လက်ရှိမှာလည်း ဘုန်းတော်ကြီးကျောင်းသင်ပညာရေးတွေမှာ သင်ကြားမှုများအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်နေပါကြောင်းနှင့် ဒါ့အပြင် အဲဒီကျောင်းတွေမှာ တိုင်းရင်းသားဘာသာစကားများ ထပ်မံသင်ယူလိုလို့ရှိရင်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ အစီအစဉ်နဲ့သင်ကြားပေးနိုင်ဖို့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ရဲ့ မေးခွန်းဖြစ်သော ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာ အထက်တန်းကျောင်းများတွင် (၁၀၈ x ၃၀ x ၁၂) ပေ RCC ကျောင်းဆောင်သစ်တစ်ဆောင်ကို ယခု ပညာသင်နှစ် သို့မဟုတ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော ရခိုင်ပြည်နယ်၊

ကျောက်တော်မြို့အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ ကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ငွေကျပ်သန်းပေါင်း(၁၈၈၁.၃)သန်း ခွဲဝေလျာထား ဆောင်ရွက်ခဲ့ပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းမှာ (၈၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်ဆောင်၊ (၄၅ x၂၁)ပေ သွပ်မိုး၊ ဝါးကပ်ကာ (၁)ထပ်ဆောင်၊ စုစုပေါင်း စာသင်ဆောင်(၂)ဆောင်ရှိပြီး (၈၀ x ၃၀)ပေ ကျောင်းဆောင်၏ဘေးမှာ (၃၀ x ၃၀)ပေ အဆောင်ကို တွဲဖက်ဆောက်လုပ်ထားပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီကျောင်းမှာ ကျောင်းသား၊ ကျောင်းသူအနေနဲ့ မူလတန်းအဆင့်(၂၅၄)ဦး၊ အလယ်တန်းအဆင့်(၁၄၉)ဦး၊ စုစုပေါင်း (၄၀၃)ဦး ပညာသင်ကြားမှု ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်တော်မြို့နယ်၊ မင်းသားတောင် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှာ ကျောင်းဆောင်သစ်တစ်နေရာ၊ တစ်ဆောင် ဆောက်လုပ် ပေးဖို့ ယခုလာမယ့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဒီကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်မှ ပြည်သူများ၏ဆန္ဒနဲ့အညီ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် ငွေလုံးငွေရင်း ရန်ပုံငွေ လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေးလိုက် ရပါတယ်။ မေးလိုက်ပါ။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ အခုလို မေးခွန်းလာရောက်ဖြေဆိုပေးတဲ့ ပညာရေးဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ နောင်မှာ ပြင်ဆင်ဆောင်ရွက်မယ့်ဟာကို သိရတဲ့အတွက်ကြောင့်လည်းပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးရဲ့အဖြေမှာ ကျွန်တော်တို့ ခုနက ဖြစ်တဲ့ ဒီဒုတိယစာကြည့်တိုက်နဲ့ ဝန်ထမ်းအိမ်ရာဟာ ဒီ GRF ဆိုတဲ့ အထွေထွေပိုလျှံ ရန်ပုံငွေကနေ မှားယွင်းခြင်း ဖြစ်ပါတယ်။ အဲဒီ GRF မှာ ကျွန်တော်တို့ဆီကို ချလာတဲ့အချိန်က မတ်လ ၇ ရက်နေ့ နေ့စွဲနဲ့ ချလာပါတယ်။ ဘတ်ဂျက်က မတ်လ ၃၁ ရက်နေ့မှာ ကုန်ပါတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့က အချိန်ဟာ ကြားထဲမှာ တအားကပ်နေပါပြီ အပ်ဖို့က၊ အဲဒီတော့ ဒီသက်ဆိုင်ရာ မြို့နယ်ကိုတောင်းတဲ့ အခါမှာ မြို့နယ်ကလည်းပဲ ဒီဥစ္စာကို ကမန်းကတန်း တင်ရပါတယ်။ အဲဒီအတွက်ကြောင့် ဒီဥစ္စာမျိုး ဖြစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ခုန ဝန်ကြီးရဲ့အဖြေထဲမှာ အဲဒီ GRF ကို ဘယ်လိုစီမံခန့်ခွဲမယ် ဆိုတဲ့ဥစ္စာ မပါပါဘူး ခင်ဗျား။ အဲဒါလေးကို ဖြေကြားပေးဖို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားနိုင်လား။ ဖြေကြားနိုင်လား။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရှင်းလင်းတင်ပြချက်မှာ လျာထားမှုအစီအစဉ် အဆင့်ဆင့်ကို ပြည့်စုံစွာ ကျွန်တော် တင်ပြခဲ့ပါတယ်။ သာမန်အားဖြင့် ဒီလျာထားမှုအစီအစဉ်အရ ဦးစားပေးအစီအစဉ် (၁)ကနေ(၁၀)ရှိတယ်ဆိုရင် ဒီပင်မမူလဘဏ္ဍာငွေခွင့်ပြုချက်အရ (၁)ကနေ

(၆)အထိခွင့်ပြုရင် (၇)(၈)(၉)(၁၀)သည် ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ထဲမှာပါရှိမှာ ဖြစ်ပါတယ်။ ဒါကတော့ မူလမြေပြင် အခြေခံစာရင်းသည် ဒီစပြီးတင်ပြကတည်းက ညှိနှိုင်းဆောင်ရွက်ပြီး ပြည့်စုံတိကျစွာ ဆောင်ရွက်ထားရင် ဘယ်ရန်ပုံငွေကို သုံးစွဲသည်ဖြစ်စေ မှန်ကန်အောင်၊ ထိရောက်အောင်၊ အကျိုးရှိအောင် သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁)၁/၂၀၁၇ - ၄၂၈

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

၁။ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၅-၇-၂၀၁၇ ရက်နေ့တွင် အမျိုးသား လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားတင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ကရင်ပြည်နယ်မှ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ချင်းပြည်နယ်မှ ဦးဘွဲ့ခိန်၊ မွန်ပြည်နယ်မှ ဦးလင်းတင်ဌေး၊ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ ဒေါ်မြတ်သီတာထွန်း၊ ဦးခင်ဇော်ဦး၊ ရခိုင်ပြည်နယ်မှ ဦးစိုးဝင်း၊ ရှမ်းပြည်နယ်မှ ဦးစိုင်းလုံစံခတ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဝင်းအောင်၊ ဦးအောင်မျိုး၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးကြည်ဝင်း၊ ဦးစိုးမိုး၊ ဦးဆန်းမြင့်၊ ဦးသိမ်းဆွေ၊ ဒေါက်တာပြည့်ဖြိုး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးဘမျိုးသိန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကျော်မြင့်ဦး၊ ဦးမောင်မောင်ဆွေ၊ မကွေးတိုင်းဒေသကြီးမှ ဦးမြမင်းဆွေ၊ ဦးဝင်းမြင့်၊ ဦးလှဆန်း၊ ဦးဝင်းမောင်၊ ဦးကျော်ဆွေ၊ ဦးခင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ ပဲခူးတိုင်းဒေသကြီးမှ ဒေါ်စန်းစန်းမြင့်၊ စုစုပေါင်းကိုယ်စားလှယ်(၂၆)ဦးတို့မှ ၃၁-၇-၂၀၁၇ ရက်နေ့တွင် အကြံပြုဆွေးနွေး ခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ၊ ဆွေးနွေးခဲ့ကြသည့် ကိုယ်စားလှယ်များနှင့် ၃-၈-၂၀၁၇၊ ၇-၈-၂၀၁၇၊ ၉-၈-၂၀၁၇ နှင့် ၁၀-၈-၂၀၁၇ ရက်နေ့များတွင် ပြန်လည်ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အသေးစိတ်ညှိနှိုင်း သဘော တူညီချက်များအရ အောက်ပါတို့ကို ပြင်ဆင်သင့်ကြောင်း ထပ်မံစိစစ်လေ့လာတွေ့ရှိရပါသည် -

(က) အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပြည့်စုံမှုရှိစေရန်အတွက် ရွှေ့ပြောင်းတောင်ယာ ဆိုသည် မှာ တောင်ကုန်း၊ တောင်စောင်းနှင့်ကုန်းမြင့်ဒေသများတွင် သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်း၍ တစ်နေရာတည်းတွင် အမြဲတမ်းအတည်တကျမရှိဘဲ အလှည့်ကျ မြေအနားပေးစနစ်ဖြင့် စိုက်ပျိုးသောမြေကိုဆိုသည် ဆိုသည့်စကားရပ်ကို ပုဒ်မ ၃၊

ပုဒ်မခွဲ(င)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ(ည)ကို ပုဒ်မခွဲ(ဌ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး တောင်သူလယ်သမားအဖွဲ့အစည်း ဆိုသည်မှာ တောင်သူလယ်သမား အကျိုးစီးပွားနှင့် အခွင့်အရေးများအတွက် ကိုယ်စားပြု ကာကွယ်ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ တောင်သူလယ်သမားများဖြင့် ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုသည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၀ ကိုပြည့်စုံမှုရှိစေရန်အတွက် ဤဥပဒေပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များသည် မြေနုကျွန်းမြေ လုပ်ကိုင်ခွင့်ချထားခြင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းတို့နှင့် မသက်ဆိုင်စေရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မြေနုကျွန်း လုပ်ကိုင်ခွင့်ချထားခြင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းတို့နှင့် စပ်လျဉ်း၍ ပိုမိုရှင်းလင်းမှုရှိစေရန်အတွက် ပုဒ်မ ၁၁ ကို မြေနုကျွန်းမြေ လုပ်ကိုင်ခွင့်ချထားခြင်းနှင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း ကိစ္စရပ်များအတွက် ဤဥပဒေအရပြုသည့် နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။ ထိုသို့ ပြဋ္ဌာန်းရာတွင် မြေနုကျွန်းမြေ လုပ်ကိုင်ခွင့်ချထားခြင်းနှင့်စပ်လျဉ်း၍ အုပ်ချုပ်မှုနယ်မြေအပေါ် အခြေခံရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ)ကို ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ)နှင့် ညီညွတ်မှုရှိစေရန်အတွက် လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ လယ်ယာမြေနှင့် ရွှေ့ပြောင်းတောင်ယာမြေများကို ချန်လှပ်ထားခြင်းနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းနှင့် သတ်မှတ်ကာလတိကျမှုရှိစေရန်အတွက် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဈ)ကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း ဆောင်ရွက်ချက်များအတွက် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ည)ကို မူလဥပဒေအတိုင်း ဆက်လက်ထားရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( ခ ) လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းရာတွင် တောင်သူလယ်သမား ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်မှုရှိစေရန်အတွက် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းရာတွင် ဒေသခံ တောင်သူလယ်သမားများမှ ရွေးချယ်ပေးသော (၃)ဦးထက်မနည်းသည့် တောင်သူလယ်သမားကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရမည် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ) အဖြစ်လည်းကောင်း၊ ကျေးလက်နေပြည်သူလူထု၏ လူနေမှု

ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(စ)ကို ကျေးလက်နေ ပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ အားကစားကွင်း၊ ကျေးရွာချင်းဆက်လမ်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်နှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(ဇ)ကို လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများ၊ လယ်ကြားမြောင်းများအတွက် လယ်ယာမြေကို အသုံးပြုရန် ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မြန်မာစာအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဈ)ကို မြေနုကျွန်းလုပ်ကိုင်ခွင့်ချထားရေးနှင့် ယင်းလုပ်ကိုင်ခွင့်ရရှိသူများ၏ အခွင့်အရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ည)ကို တောင်ရိုး၊ တောင်စွယ်များတွင် ခေတ္တရှင်းလင်းထားသည့် မြေကွက်များ၌ စိုက်ပျိုးလုပ်ကိုင်သည့် ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်စိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဂ) လယ်ယာမြေဥပဒေပုဒ်မ ၁၈ တွင် ဖော်ပြထားသော သင့်လျော်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဆိုသည့် စကားရပ်ကို တာဝန်ပေးအပ်ရာတွင် တိကျမှုရှိစေရန်အတွက် သက်ဆိုင်သည့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့တွင် ဖော်ပြပါရှိသော လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဆိုသည့်စကားရပ်အစား မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပုဒ်မ ၂၆ တွင် ဖော်ပြပါရှိသော သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည် ဆိုသည့် စကားရပ်အစား သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်သည်။ အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် တည်ဆဲဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ သီးနှံပြောင်းလဲ စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ရာသီဥတုအခြေအနေအရသာမကဘဲ ဒေသအလိုက် ဈေးကွက်အခြေအနေနှင့် ကိုက်ညီမှုရှိစေရန်၊ စိုက်ပျိုးလုပ်ကိုင်သူ တောင်သူလယ်သမားများ နစ်နာမှုမရှိစေရန်တို့အတွက်

ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော စကားရပ်များအစား ရေမြေရာသီဥတု အခြေအနေ အရလည်းကောင်း၊ ဒေသဆိုင်ရာ စီးပွားရေးဈေးကွက် အခြေအနေအရလည်းကောင်း ရာသီသီးနှံစိုက်ပျိုး၍ အကျိုးမဖြစ်ထွန်းသည့်အတွက် အခြားသီးနှံ ပြောင်းလဲ စိုက်ပျိုးရန် လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိုက်ပျိုးလုပ်ကိုင်သူ နစ်နာမှုမရှိစေရန် ဆောလျင်စွာ သီးနှံပြောင်းလဲ စိုက်ပျိုးခွင့်ပြု ရမည်ဟုလည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ဃ)　လယ်ယာမြေဥပဒေ ပုဒ်မ ၃၁ တွင် ဖော်ပြပါရှိသော ယင်းလယ်ယာမြေအား ပြန်လည် သိမ်းယူရမည် ဆိုသည့် စကားရပ်အစား အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ခွင့်ပြုမိန့်ကို ပယ်ဖျက်ပြီး ယင်းလယ်ယာမြေအား ပြန်လည်သိမ်းယူရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် စီမံကိန်းများ ဆောင်ရွက်ရန် သိမ်းယူထားသော လယ်ယာမြေများနှင့် စပ်လျဉ်း၍ လယ်ယာမြေလုပ်ကိုင်သူများ နစ်နာဆုံးရှုံးမှု မရှိစေရန်အတွက် ပုဒ်မ ၃၂ ကို နိုင်ငံတော်အကျိုး ဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် လယ်ယာမြေကို သိမ်းယူရာတွင် အနည်းဆုံး လိုအပ်သော ပမာဏကိုသာ သိမ်းယူရမည်။ စီမံကိန်းများအား သတ်မှတ်ကာလအတွင်း အမြန်ဆုံး ပြီးစီးစေရန် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး စီမံကိန်းကာလကုန်ဆုံး၍ အသုံးပြု နိုင်ခြင်းမရှိတော့သည့် လယ်ယာမြေကို သိမ်းဆည်းစဉ်က လယ်ယာမြေလုပ်ကိုင်ခဲ့ သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံ ပြန်လည်ပေးအပ်ရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ တောင်သူလယ်သမားအဖွဲ့အစည်း ဖွဲ့စည်းရာတွင် တောင်သူ လယ်သမားများ ပါဝင်နိုင်စေရန်အတွက် ပုဒ်မ ၃၈ တွင် ဖော်ပြပါရှိသော တောင်သူ လယ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်သည် ဆိုသည့် စကားရပ်အစား တောင်သူ လယ်သမားများဖြင့် ဖွဲ့စည်းနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း၊ ဥပဒေ၏အကာအကွယ်ကို မသမာသော ရည်ရွယ်ချက် များဖြင့် သုံးစွဲမှုမရှိနိုင်စေရန်အတွက် ပုဒ်မ ၄၀ ကို ပယ်ဖျက်သင့်ပါကြောင်းနှင့် ပုဒ်မ ၄၁ ကို မူလဥပဒေအတိုင်းသာ ထားရှိသင့်ပါကြောင်း လေ့လာစိစစ်တွေ့ရှိရ ပါသည်။ ကျန်ရှိသော ပုဒ်မ၊ ပုဒ်မခွဲများကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီက မူလတင်ပြထားသော ပြင်ဆင်ချက်များအတိုင်း ဆက်လက်အတည်ပြု သင့်ပါကြောင်း စိစစ်တွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　သို့ဖြစ်ပါ၍ လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့်

ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ကန့်လန့်ဖြတ်ဇယားနှင့်အတူ အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၇။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ်ပြင်ဆင်ချက်ဖြစ်တဲ့ -

လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၁)(၂)(၃)(၄)တို့မှာ ဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ မြေနုကျွန်းမြေ၊ ကိုင်းကျွန်းမြေ၊ ရွှေ့ပြောင်းတောင်ယာ၊ တောင်သူလယ်သမား၊ တောင်သူလယ်သမားအဖွဲ့အစည်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနတို့နဲ့ဆိုင်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ်၂(က)(ခ)၊ အပိုဒ်၂(ဂ)ခြေဆင်း၊ အပိုဒ်၂(ဂ)တွင် ဖော်ပြထားသော ပုဒ်မ ၃(ဆ) ပုဒ်မခွဲငယ်(၃)၊ အပိုဒ်၂(ဃ)၊ အပိုဒ် ၂ (င)ခြေဆင်းနဲ့ အပိုဒ် ၂ (စ)ခြေဆင်း တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၂(က)(ခ)၊ အပိုဒ်၂(ဂ)ခြေဆင်း၊ အပိုဒ်၂(ဂ)တွင် ဖော်ပြထားသော ပုဒ်မ ၃(ဆ) ပုဒ်မခွဲငယ်(၃)၊ အပိုဒ်၂(ဃ)၊ အပိုဒ် ၂(င)ခြေဆင်း၊ အပိုဒ် ၂(စ)ခြေဆင်း ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂(က)(ခ)၊ အပိုဒ်၂(ဂ)ခြေဆင်း၊ အပိုဒ်၂(ဂ)တွင် ဖော်ပြထားသော ပုဒ်မ ၃(ဆ) ပုဒ်မခွဲငယ်(၃)၊ အပိုဒ်၂(ဃ)၊ အပိုဒ် ၂(င)ခြေဆင်း၊ အပိုဒ် ၂(စ)ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၄)(၅)(၆)(၇)တို့မှာ ဖော်ပြထားတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူရဲ့ အခွင့်အရေးများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမယ့် စည်းကမ်းချက်များဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅တွင် ဖော်ပြထားသော ပုဒ်မ ၁၀၊ အပိုဒ် ၆ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၁၁၊ အပိုဒ် ၇(ဃ)တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅ တွင် ဖော်ပြထားသော ပုဒ်မ ၁၀၊ အပိုဒ် ၆ တွင် ဖော်ပြထားသော ပုဒ်မ ၁၁၊ အပိုဒ် ၇(ဃ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅ တွင် ဖော်ပြထားသော ပုဒ်မ ၁၀၊ အပိုဒ် ၆ တွင် ဖော်ပြထားသော ပုဒ်မ ၁၁၊ အပိုဒ် ၇(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၇)(၈)(၉)(၁၀)တို့မှာ ဖော်ပြထားတဲ့ လယ်ယာမြေလုပ်ကိုင်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၊ အပိုဒ် ၄၊ ဥပဒေကြမ်းရဲ့ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ နဲ့ အပိုဒ် ၁၃ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၁)(၁၂)နဲ့(၁၃)တို့မှာ ဖော်ပြထားတဲ့ ချမှတ်ထားတဲ့စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်း၊ အယူခံခြင်း၊ နစ်နာကြေးနဲ့

လျော်ကြေးဆိုင်ရာ ကိစ္စရပ်များအတွက် ပြင်ဆင်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈ နှင့် အပိုဒ် ၁၉ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၃)(၁၄)(၁၅)နဲ့ (၁၇)တို့မှာ ဖော်ပြထားတဲ့ သီးနှံအမျိုးအစား ပြောင်းလဲစိုက်ပျိုးခွင့်ဆိုင်ရာ ပြင်ဆင်ချက်များ၊ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ဆိုင်ရာ ပြင်ဆင်ချက်များ၊ လယ်ယာမြေကို စီမံခန့်ခွဲခြင်းဆိုင်ရာ ပြင်ဆင်ချက်များနဲ့ တောင်သူလယ်သမားအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ ပြင်ဆင်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ နဲ့ အပိုဒ် ၂၇ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၇) ဖြစ်ပါတယ်။ အပိုဒ် ၅၊ အပိုဒ်ခွဲ(င)မှာ ဖော်ပြထားတဲ့ မူလဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ည)၊ နောက်တစ်ခုကတော့ စာမျက်မှာ(၁၇) ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ်(၁၆)မှာ ဖော်ပြထားတဲ့ မူလဥပဒေပုဒ်မ ၄၁ တို့ကို ပြင်ဆင်ခြင်းမပြုဘဲနဲ့ မူလဥပဒေအတိုင်း ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်များကို တင်ပြမှာဖြစ်ပါတယ်။ ပထမဦးစွာ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၆) ဖြစ်ပါတယ်။ စာမျက်နှာ(၆)မှာပါရှိတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၇(ဂ)အနေနဲ့ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(စ) ပြင်ဆင်ချက်ရဲ့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၁၇)မှာ ဖော်ပြထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၈ ဖြစ်ပါတယ်။ မူလဥပဒေအနေနဲ့ကတော့ မူလဥပဒေပုဒ်မ ၄၀ ဖြစ်ပါတယ်။ ဒီအပိုဒ်၊ အပိုဒ်ခွဲများကိုတော့ လိုအပ်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြုဥပဒေကြမ်းရဲ့

အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်းနှင့်

ပြောင်းလဲအမှတ်စဉ်ထားတဲ့

အပိုဒ်၂(ဂ)မှာ ဖော်ပြထားတဲ့ ပုဒ်မ ၃(ဆ)၊ ပုဒ်မခွဲငယ်(၁)၊

အပိုဒ်၂(င)မှာ ဖော်ပြထားတဲ့ ပုဒ်မ ၃(ဍ)၊

အပိုဒ်၂(စ)မှာ ဖော်ပြထားတဲ့ ပုဒ်မ ၃(ဃ)၊

အပိုဒ် ၅ ခြေဆင်း၊

အပိုဒ် ၆ ခြေဆင်း၊

အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇(က)(ခ)၊

အပိုဒ် ၁၀၊

အပိုဒ် ၁၇၊

အပိုဒ် ၂၄၊

အပိုဒ် ၂၅၊

အပိုဒ် ၂၆ တို့ကို အဆိုပြုပြင်ဆင်ချက်အတိုင်း လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]
သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]
သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]
သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်

အစည်းအဝေး (၄၅)ရက်မြောက်နေ့ ယနေ့အစည်းအဝေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက တင်သွင်းခဲ့တဲ့ လယ်ယာမြေဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီမှ လုပ်ထုံးလုပ်နည်းနဲ့အညီ အတည်ပြုဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၁။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပဥ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ၁၈-၈-၂၀၁၇ နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ချင်းပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဇော့တင်းမှ ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ်နေရပ် စွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း**

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် အဆိုတင်သွင်းထားတဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ်နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၃။**

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၃။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် အမှတ်(၉)မဲဆန္ဒနယ် ဘူးသီးတောင်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောဒေသမှာ ဖြစ်ပေါ်နေတဲ့ ဘင်္ဂါလီအကြမ်းဖက် သောင်းကျန်းမှုတွေဟာ လူမျိုးစုနှစ်ခုကြား သဟဇာတမဖြစ်လို့၊ နှစ်ဖက်အသိုင်းအဝိုင်းကြား ရင်ကြားမစေ့လို့ဆိုတဲ့ အယူအဆပေါ်မှာ အခြေခံတာမဟုတ်ကြောင်း ၂၀၁၆ ခု၊ အောက်တိုဘာ ၉ ရက်နေ့က သက်သေခံသွားပြီ ဖြစ်ပါတယ်။ တစ်ချိန်တုန်းက မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေဟာ ကြီးကျယ်ခမ်းနားခဲ့တဲ့ ဗုဒ္ဓဘာသာနိုင်ငံတော်ကြီးများ ဖြစ်ခဲ့ပါတယ်။ သင်ခန်းစာယူစရာတွေ အများအပြားရှိနေတာကြောင့် ယနေ့မြန်မာနိုင်ငံအတွက် အလွန်သတိထားဖို့ လိုအပ်ပါတယ်။

Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ ၂၀၁၆ အောက်တိုဘာ ၁၄ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်ခဲ့ပါတယ်။ အကြမ်းဖက်လုပ်ရပ်ကို RSO အဖွဲ့နဲ့ ဆက်နွှယ်တဲ့

Aqua Mul Mujahidin အဖွဲ့က လုပ်ဆောင်ခဲ့တာဖြစ်ပြီး ခေါင်းဆောင်မှာ မောင်တောနဲ့ ဘင်္ဂလားဒေ့ရှ်မှာနေတဲ့ ဘာသာရေး၊ လူမျိုးရေး၊ အစွန်းရောက် ဘင်္ဂါလီလူမျိုး ဟာဗစ်တူဟာရ်ဖြစ်ကြောင်း၊ ၎င်းဟာ တာလီဘန်တွေဆီမှာ သင်တန်းတက်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံတွေဆီက ငွေကြေးရယူကာ ကမ္ဘာအရပ်ရပ် အကြမ်းဖက် နည်းဗျူဟာတွေအတိုင်း မောင်တောဒေသကို သိမ်းပိုက်ဖို့ အကြမ်းဖက်ခဲ့တာဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်လက်ထက်က ရောက်ရှိလာတဲ့ ဘင်္ဂါလီတွေဟာ ၁၉၄၇ ခုနှစ်မှာ မူဂျာဟစ်ပါတီကို ဖွဲ့စည်းပြီး အကြမ်းဖက်သမားတွေနဲ့ လက်နက်တွေစုဆောင်းခဲ့ပါတယ်။ မူဂျာဟစ်ဆိုတာ မိမိတိုင်းပြည်နဲ့ ဘာသာရေးအခွင့်အရေးကို တိုက်ခိုက်သူလို့ အဓိပ္ပာယ်ရပါတယ်။ ပါကစ္စတန်အဝွန်နဲ့ရှည်ပါစေ ဆိုပြီး ကြွေးကြော်ခဲ့ကြပါတယ်။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသကို မူဆလင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထူထောင်ပေးဖို့ တောင်းဆိုရာ အင်္ဂလိပ်က ပယ်ချခဲ့ပါတယ်။ မြန်မာပြည်မှာ သီးခြားမူဆလင်ပြည်နယ်တစ်ခု ထူထောင်ရန်ရည်ရွယ်ခြင်းဟာ လက်တွေ့မကျ ဘာသာရေးတစ်ခုတည်းနဲ့ တိုင်းရင်းသား ဖြစ်မလာနိုင်သကဲ့သို့ မြန်မာမှာရော၊ ကမ္ဘာမှာပါ အစဉ်အလာ မရှိကြောင်း တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၈ ခုနောက်ပိုင်း မူဂျာဟစ်များ အင်အားကောင်းမွန်လာပြီး အကြမ်းဖက်သောင်းကျန်းမှုများ ပိုမိုပြင်းထန်လာခဲ့ပါတယ်။ ခေါင်းဆောင် ဘင်္ဂါလီကာဆိမ်းကို ပါကစ္စတန်သတင်းစာက ဂျင်နရယ်ကာဆိမ်းလို့ ချီးကျူးဖော်ပြခဲ့ပါတယ်။ ဘင်္ဂါလီသောင်းကျန်းမှုတွေကို တပ်မတော်က စစ်ဆင်ရေးပြုလုပ်ပြီး နှိမ်နင်းခဲ့ရပါတယ်။ ၁၉၇၇ ခုနှစ်မှာ မူဂျာဟစ်ခေါင်းဆောင် ဘင်္ဂါလီ စူလ်တန်မာမွတ်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ပူးပေါင်းပြီး ရခိုင်ပြည်ကို Arkistan ပြောင်းလဲမယ့် အစီအစဉ်ကို လစ်ဗျားခေါင်းဆောင်ကြီး ဗိုလ်မှူးကြီးကဒါဖီထံ တင်ပြခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ထုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Dhaka Tribune သတင်းစာမှာ စစ်တွေ၊ မောင်တောဒေသကို ရခိုင်ပြည်ကခွဲထုတ်ပြီး စစ်တကောင်းနဲ့ ပူးပေါင်းဖို့ ရေးသားထားပါတယ်။ ယူကရိန်းနိုင်ငံထဲက ခရိုင်းမီးယားဒေသကို ဆန္ဒခံယူပွဲနဲ့ ခွဲထုတ်သွားတာကို ဥပမာပေးထားပါတယ်။

မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အူရဒူဘာသာ၊ ဘင်္ဂါလီဘာသာနဲ့ ထုတ်ဝေတဲ့ လက်ကမ်းစာစောင်တွေမှာ သင်တို့နေထိုင်ရာဒေသတွင် စားနပ်ရိက္ခာများ ချို့တဲ့လျက်ရှိသည်။ နတ်မြစ်တစ်ဖက်ကမ်း မြန်မာနိုင်ငံသည် စားနပ်ရိက္ခာ စားမကုန်လောက်အောင် စုပုံလျက်ရှိသည်။ လမ်းဘေးရေကန်များတွင် လှပျိုဖြူများ လုံချည်ရင်ရှားနှင့် ရေခပ်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ အစာရေစာကို ဝအောင်စားသောက်ဖို့ ထိုနိုင်ငံသို့ သွားရောက်နိုင်သည်။ အမျိုးသမီးလှလှလေးများကို အိမ်ထောင်ပြု၍ အစ္စလာမ်သာသနာ ပြန့်ပွားအောင် လုပ်ကိုင်ကြလော့လို့ ဖော်ပြဖြန့်ဝေခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အနားယူသွားတဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်း၊ ကင်တားနားနဲ့ ယန်ဟီးလီတို့ လာရောက်တိုင်း မြန်မာနိုင်ငံလူ့အခွင့်အရေးချိုးဖောက်ကြောင်း ပြောဆိုခဲ့ကြပါတယ်။ ဝန်ကြီးချုပ် နာဂျစ်ရာဇာတ် ဦးဆောင်ပြီး ၂၀၁၆ ဒီဇင်ဘာ ၄ ရက်မှာ ကွာလာလမ်ပူမှာ

ဆန္ဒပြတယ်။ ရခိုင်က မူဆလင်အရေးကို ဆက်လုပ်ဖို့ သန္နိဋ္ဌာန်ပြုထားပြီး လူမျိုးတုံးသတ်ဖြတ်ခဲ့မှုကို ကမ္ဘာက ရပ်ကြည့်မနေကြောင်း အော်ဟစ်ခဲ့ပါတယ်။ ၂၀၁၅ မေလ ၂၇ ရက်မှာပြုလုပ်တဲ့ OIC နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး သတင်းထုတ်ပြန်ချက်မှာ မြန်မာပြည်က ဖိနှိပ်ခံမူဆလင်တွေကို ကူညီဖို့ ရင်းမြစ်တွေကို အသုံးပြုပြီး လှုပ်ရှားမှု စတင်နေကာ ဒေသအတွင်း INGO, NGO တွေကို ဆက်သွယ်ဆောင်ရွက်နေတယ်လို့ ဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာတစ်လွှားမှာရှိနေတဲ့ ရိုဟင်ဂျာတွေကို ကိုယ်စားပြုနေတဲ့ ရိုဟင်ဂျာယူနီယံကို ထူထောင်ပြီး နိုင်ငံတကာထောက်ခံမှုရအောင် ဆောင်ရွက်မယ်လို့လည်း ပြောသွားခဲ့ပါတယ်။ ဒါကိုသုံးသပ်ကြည့်ရင် ဘင်္ဂါလီ အကြမ်းဖက်တိုက်ခိုက်နေမှုများဟာ ပြည်ပငွေကြေးရယူမှု၊ အကြမ်းဖက် အဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီမှုတွေနဲ့ စနစ်တကျ ဆောင်ရွက်နေကြောင်း ပေါ်လွင်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ဇွန်လ မောင်တော ဘင်္ဂါလီအကြမ်းဖက်မှုမှာ ကုလသမဂ္ဂနဲ့ လက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းတွေ ပါဝင်ခဲ့ပါတယ်။ UNHCR မှ အဏ္ဏာဝါဆဒတ်၊ WFPမှ တာယစ်၊ CSSEP မှ ချိုလေးမာတို့ကို ထောင်ဒဏ်ချမှတ်ခဲ့ပါတယ်။ သို့သော်လည်း နိုင်ငံတော်ရဲ့ စေတနာနဲ့မေတ္တာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုးနဲ့ နိုင်ငံ့အကျိုးကို ထမ်းဆောင်သွားဖို့ဆိုကာ (၃)ရက်အကြာမှာ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးလိုက်ပါတော့တယ်။ အကြမ်းဖက်ခေါင်းဆောင်ဖြစ်တဲ့ ဒေါက်တာထွန်းအောင် (ခ) နူရာဟောက်ကို UNHCR ရုံးမှာ ခိုလှုံနေရာကနေ ဖမ်းဆီးရမိခဲ့တယ်။ ထောင်ဒဏ်(၁၇)နှစ် ချမှတ်ခဲ့သော်လည်း ၂၀၁၅ ခု ဇန်နဝါရီ ၁၅ ရက်မှာ နိုင်ငံတော်သမ္မတရဲ့ အထူးလွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လွှတ်ပေးခဲ့ပါတယ်။ ဒီလိုလွှတ်ပေးခဲ့တဲ့အတွက် အနာဂတ် ဘင်္ဂါလီအကြမ်းဖက်သမား မျိုးဆက်သစ်တွေအတွက် အင်အားဖြစ်စေခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့ နောက်နောင်ဒီလိုစေတနာတွေ၊ မေတ္တာတွေ မပွားမိဖို့ သတိပြုဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောဒေသ ဘင်္ဂါလီအကြမ်းဖက်တိုက်ခိုက်မှုတွေဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားနဲ့ အမျိုးသားလုံခြုံရေး၊ အချုပ်အခြာအာဏာတို့ကို ထိခိုက်လာပြီ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၈၂ နိုင်ငံသားဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ဥပဒေတွေနဲ့ ထိထိရောက်ရောက် တွန်းလှန်ချေမှုန်းသွားရမှာ ဖြစ်တဲ့အတွက် ဦးခင်မောင်လတ် ရဲ့ အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ဘင်္ဂါလီအကြမ်းဖက်သမားများ၏ လှုပ်ရှားမှုမှတ်တမ်းများ မြင်ကွင်းပုံ (က၁)




RSO အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ မြန်မာ-ဘင်္ဂလားနယ်စပ် တစ်နေရာတွင် စစ်ရေးလေ့ကျင့်နေသည့် မြင်ကွင်းပုံ (က၁-၁)



Bengali Family Reunion ပုံ (က၁-၂)

(Following statement -- translated by Google Translator from original Turkish -- are direct from that website of Turkey's INCA Islamist News Agency.)




ARU and RSO Kalarzoe leaders together with Bangladeshi PM Sheik Hasinar (2012)

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၉။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)ဖြစ်တဲ့ ဦးခင်မောင်လတ် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်နဲ့ ရခိုင်လူမျိုးများဟာ မြန်မာနိုင်ငံရဲ့ ထူးခြားသော ဝိသေသလက္ခဏာရှိတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ရခိုင်လူမျိုးများဟာ ဘီစီ ၃၃၂၅ မှစ၍ အေဒီ ၁၇၈၄ ခုနှစ်အထိ အချုပ်အခြာအာဏာ ရှိသော နိုင်ငံနဲ့လူမျိုး ဖြစ်ခဲ့ပါတယ်။ ယခင်က ဘင်္ဂလားဒေသဟာ ရခိုင်ဘုရင်တို့၏ နောက်ဆုံးခေတ်ဖြစ်တဲ့ မြောက်ဦးခေတ် ၁၆၆၆ ခု၊ ရခိုင်ဘုရင် စန္ဒသုဓမ္မရာဇာမင်းလက်ထက် ရခိုင်-မဂိုစစ်ပွဲကြောင့် ဇင်းဘင်္ဂလား ဒေသနယ်မြေဟာ ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။ ယနေ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခေါ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ တစ်ဖက်နိုင်ငံနဲ့ ရေနယ်နိမိတ်၊ မြေအနေအထားအားဖြင့် ထိစပ်လျက်ရှိသော ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် နိုင်ငံသားမဟုတ်သည့် ခိုးဝင်ဘင်္ဂါလီလူမျိုးများ (၉၀)ရာခိုင်နှုန်းကျော် နေထိုင်လျက်

ရှိကြပါတယ်။ တစ်ဖက်နိုင်ငံရှိ လူမျိုးများနဲ့ ဘာသာတူ လူမျိုးတူများဖြစ်ကြပြီး ခေတ်အဆက်ဆက်က တရားမဝင်သော နည်းလမ်းများဖြင့် နယ်စပ်ဖြတ်ကျော် ဝင်ရောက်ကာ အခြေချနေထိုင်လာသူများ ဖြစ်ပါတယ်။ ယနေ့လက်ရှိအချိန်တွင် ၎င်းတို့တစ်တွေဟာ သူတို့ကိုယ်သူတို့ ဘင်္ဂါလီဟုလည်းမပြော၊ မူဂျာဟစ်လို့လည်းမဆိုဘဲ ရိုဟင်ဂျာဟု အမည်အသစ်တွင် ကြေညာကာ သူတို့ကို ဓနအင်အား ကြွယ်ဝသော မူဆလင်နိုင်ငံအချို့က ငွေကြေး၊ လက်နက်၊ ပစ္စည်းများ ထောက်ပံ့ပေးကာ နောက်ကွယ်မှနေ၍ သွေးထိုးမြှောက်ပင့်ပေးနေကြပါတယ်။

ကမ္ဘာမှာ ဒုတိယအင်အားအကြီးဆုံးနဲ့ ငွေကြေးအကြွယ်ဝဆုံးဖြစ်သော အစ္စလာမ်ကမ္ဘာကို တော်ရုံတန်ရုံဖြင့် ယှဉ်ပြိုင်နိုင်ဖို့ မလွယ်ကူပါ။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများထဲမှာမှ အစ္စလာမ်မစ် နိုင်ငံတွေက ဒုတိယနေရာအများဆုံးမှာ ရှိနေကြပါတယ်။ မီဒီယာလောက၌လည်း ဓနအင်အားက မီဒီယာအပေါ်မှာ လွှမ်းမိုးနေကြပြီး ဖြစ်ပါတယ်။ ဓနအင်အား ကြွယ်ဝတောင့်တင်းသော နိုင်ငံများ ကမ္ဘာမှာ ရေဒီယို၊ တယ်လီဗေးရှင်းနှင့် သတင်းစာ၊ ဂျာနယ်တော်တော်များများကို ချုပ်ကိုင်ထားပြီးလည်း ဖြစ်ပါတယ်။ ထိုကဲ့သို့သော ဩဇာအာဏာကြီးမားသော မီဒီယာလောကကို မြန်မာနိုင်ငံလို ဆင်းရဲသော နိုင်ငံငယ်လေးများအနေဖြင့် ထိုးဖောက်နိုင်ခြင်းမရှိ၍ မြန်မာကပြောသမျှ ကမ္ဘာက လုံးဝ ယုံကြည်မှုမရှိခဲ့ကြပါ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဗြိတိသျှတို့ဟာ ၁၃၀၀ ပြည့် အရေးတော်ပုံ လူထုအုံကြွမှုကို အာရုံပြောင်းလွှဲရန် ရည်ရွယ်ပြီး ကုလား-ဗမာ အဓိကရုဏ်းကို ဖန်တီးခဲ့ပါတယ်။ ဒီ အဓိကရုဏ်းရဲ့ ဂယက်ဟာ ရခိုင်ပြည်နယ်ဘက်သို့ တဖြည်းဖြည်း ပျံ့နှံ့လာပြီး ၁၉၄၂ ခုနှစ်မှာ ကုလား-ရခိုင် အဓိကရုဏ်း ဖြစ်ပေါ်လာခဲ့ပါတယ်။ ထိုအချိန်ဟာ ဒုတိယကမ္ဘာစစ် မြန်မာ့စစ်မျက်နှာတွင် အင်္ဂလိပ်တပ်များ အခြေမလှ၍ ပြန်လည်ဆုတ်ခွာချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ အင်္ဂလိပ်တို့က ဘူးသီးတောင်၊ မောင်တောဒေသမှ အောင်မြင်စွာဆုတ်ခွာနိုင်ရေးအတွက် မိမိတပ်ရှိ ကုလားစစ်တပ်များအား မိမိကိုယ်ကို ကာကွယ်ရန် အကြောင်းပြကာ လက်နက်များ တပ်ဆင်ပေးခဲ့ပါတယ်။ ထိုလက်နက်များဖြင့် ရခိုင် တိုင်းရင်းသားကျေးရွာ (၄၃၆)ရွာကို မီးရှို့ဖျက်ဆီးပြီး ရခိုင်လူမျိုး နှစ်သောင်းကျော်ကို သတ်ဖြတ် ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားများစွာမှာ ဘေးလွတ်ရာသို့ ထွက်ပြေးလာကြရပါတယ်။

ထို့ကြောင့် ဒေသအတွင်း တိုင်းရင်းသားလူဦးရေများမှာ များစွာလျော့နည်းခဲ့ကာ လူဦးရေ အချိုး တစ်ဖက်စောင်းနင်း ဖြစ်ပေါ်လာခဲ့ရပါတယ်။ ထို့အပြင် တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီများ နေ့စဉ်နဲ့ အမျှ စိမ့်ဝင်နေခြင်း၊ ဘင်္ဂါလီတို့ရဲ့ လူဦးရေပေါက်ဖွားမှုနှုန်းမြင့်မားခြင်း စသည်တို့ကြောင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များဟာ ခိုးဝင်နိုင်ငံခြားသား ဘင်္ဂါလီများ နေထိုင်ရာဒေသ ဘက်သို့ တဖြည်းဖြည်းရောက်ရှိသွားနေပြီ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မောင်တော၊ ဘူးသီးတောင် ဒေသတွင် ဘင်္ဂါလီ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်များကို အနည်းငယ်တင်ပြလိုပါတယ်။ ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းပေါ်ပေါက်ခဲ့သော ဂျာမေတူးအူလာမာ အဖွဲ့ဟာ ၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ပါကစ္စတန် လွတ်လပ်ရေး

လှုပ်ရှားနေသော မူဆလင်ခေါင်းဆောင် ဂျင်းနားနဲ့တွေ့ဆုံခဲ့ပါတယ်။ ထိုစဉ် မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်တို့ကို ပါကစ္စတန်နိုင်ငံပိုင်နက်သို့ ထည့်သွင်းကာ လွတ်လပ်ရေး သဘောတူရယူရန် တောင်းဆိုခဲ့ပါတယ်။ မစ္စတာဂျင်းနားအနေနဲ့ ဘူးသီးတောင်၊ မောင်တောဒေသကို ပါကစ္စတန်နဲ့ ပူးပေါင်းရန်မဖြစ်နိုင်၍ လက်မခံကြောင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံစဉ် အသိပေး ရှင်းလင်းပြောပြခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၈ ခုနှစ်တွင် ဘင်္ဂါလီများဟာ မူဆလင်လွတ်မြောက်ရေးအဖွဲ့ ညီလာခံကို မောင်တောမြို့နယ်၊ ဂရင်ပြင်ကျေးရွာတွင် ကျင်းပခဲ့ပြီး မူဂျာဟစ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။ မူဂျာဟစ်အဖွဲ့ဟာ ဂျာမေတူးအူလာမာ အဖွဲ့၏ လမ်းညွှန်ချက်ကို ခံယူသော အဖွဲ့ဖြစ်ပါတယ်။ ၎င်းညီလာခံမှ ကုလားတန်မြစ် အနောက်ဘက်နှင့် နတ်မြစ် အရှေ့ဘက်ခြမ်းကို မူဆလင်တို့၏ နယ်မြေအဖြစ်လည်းကောင်း၊ ရခိုင်ရှိမူဆလင်များအား တိုင်းရင်းသားများအဖြစ်သို့ သတ်မှတ်ပေးရန် တောင်းဆိုလာခဲ့ကြပါတယ်။ ၁၉၅၁ ခုနှစ်၊ ဇွန်လ၌ မောင်တောမြို့နယ်၊ အလယ်သံကျော်ကျေးရွာတွင် ညီလာခံတစ်ရပ်ကျင်းပပြီး တောင်းဆိုချက် (၁၄)ချက်ကို ထုတ်ပြန်တောင်းဆိုခဲ့ပါတယ်။ အလယ်သံကျော်ရွာ ညီလာခံ၏ တောင်းဆိုချက်များကို လမ်းညွှန်ချက်များအဖြစ် ခံယူ၍လည်းကောင်း၊ မူဆလင်ဘင်္ဂါလီများ၏ နိုင်ငံရေးပင်မ ရည်မှန်းချက်အဖြစ်လည်းကောင်း၊ ယနေ့တိုင် အကြမ်းဖက်လုပ်ရပ်များ ဆက်တိုက်လုပ်ဆောင်နေပြီး နယ်မြေလု အကြမ်းဖက် ဂျီဟတ်စစ်ပွဲ ဆင်နွှဲရန် ကြိုးစားနေခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဖြစ်စဉ်များကို သုံးသပ်ကြည့်ပါက မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ဒေသရှိ ဘာသာရေး၊ လူမျိုးရေးကို အခြေခံသော အကြမ်းဖက်သမားများဟာ ပြည်ပနိုင်ငံအဖွဲ့အစည်းများ၏ ငွေကြေး၊ လက်နက် အကူအညီများ ရရှိလျက်ရှိခြင်း၊ အကြမ်းဖက်သင်တန်းတက်ရောက်ခြင်း၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်ဒေသရှိ တောတောင်များနှင့် ကျေးရွာများတွင် အကြမ်းဖက်သင်တန်းများ ပို့ချခြင်းတို့ဖြင့် အကြမ်းဖက်လုပ်ရပ်များကို စနစ်တကျ လုပ်ဆောင်နေကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်ရှိ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များ၏ အခြေအနေကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရေးမှာ တရားဥပဒေစိုးမိုးရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးဖြစ်ပြီး အချိန်နဲ့တစ်ပြေးညီ မြန်မြန်ဆန်ဆန် လုပ်ဆောင်ရမယ့် အခြေအနေကို ရှိပါတယ်။ ရခိုင်တိုင်းရင်းသား ကျေးရွာများမှ လူနည်းစု ဒေသခံပြည်သူများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကိုမပေးနိုင်ပါက ရွာလုံးကျွတ်ပြောင်းရွှေ့နေထိုင်မှုများ ဖြစ်လာခဲ့ပါတယ်။

ဤကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များသည် ကမ္ဘာ့အကြမ်းဖက်အဖွဲ့အစည်းများ၏ ကွန်ရက်များဖြင့် ချိတ်ဆက်လုပ်ဆောင်နေသည့် အနေအထားရှိနေတာကို တွေ့ရှိရပြီး----- (ဩဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၅။**

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)က ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရခိုင်တိုင်းရင်းသားအရေးဟာ မြန်မာ့အရေး၊ မိမိအရေးဖြစ်တယ်လို့ သဘောပိုက်ပြီး ဦးခင်မောင်လတ်၏ အဆိုနှင့်စပ်လျဉ်းလို့ အကြံပြု၊ ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ဒေသမှာ လွန်ခဲ့တဲ့ တစ်ပတ်ခန့်က သတင်းအရ အကြမ်းဖက်သမားတွေရဲ့ ဖမ်းဆီး သတ်ဖြတ်မှုကြောင့် သေဆုံး(၅၉)ဦး၊ ပျောက်ဆုံး(၃၃)ဦး ရှိသွားပြီဖြစ်ကြောင်း သိရပါတယ်။ ဒီရက်ပိုင်းမှာလည်း ထပ်မံအသတ်ခံရကြောင်း ကြားရပါတယ်။ ဒေသခံရခိုင်တိုင်းရင်းသားတွေဟာ မိမိတို့ရဲ့ အိုးအိမ်၊ စည်းစိမ်၊ လယ်ယာ၊ ဥယျာဉ်ခြံမြေတွေကို ချန်ထားခဲ့ပြီး အသက်ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေကြရကြောင်းလည်း သိနေရပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အိမ်နီးချင်း(၅)နိုင်ငံရှိတဲ့အနက် အနောက်ဘက်ခြံစည်းရိုးက လူဦးရေပေါက်ကွဲမှုဖြစ်နေတဲ့ နိုင်ငံတစ်ခုကြောင့် ဟိုးအရင်ကတည်းက လူဝင်မှုကြီးကြပ်ရေးကိစ္စ၊ သန်းခေါင်စာရင်းကိစ္စတွေမှာ အခက်အခဲ ပြဿနာတွေ ကြုံတွေ့ခဲ့ရပါတယ်။ ကနေ့ကာလမှာတော့ နိုင်ငံတော်လုံခြုံရေးနဲ့ အချုပ်အခြာအာဏာကိုပါ ထိပါးခြိမ်းခြောက်လာတဲ့ အဆင့်အထိ ရောက်ရှိလာနေပြီ ဖြစ်ပါတယ်။ ဒီအခြေအနေရောက်လာအောင် နောက်ကွယ်ကနေ အားပေးကူညီ ထောက်ပံ့နေတဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေ မလွဲမသွေရှိနေမှာ အမှန်ပဲဖြစ်ပါတယ်။ ဒီနှစ် မေလ ၂၀ ရက်နေ့က လုံခြုံရေးတပ်ဖွဲ့ဝင်တွေ မေယုတောင်တန်းကို ရှင်းလင်းစဉ်က လိုဏ်ဂူနဲ့တဲတွေထဲမှာ တွေ့ရှိရတဲ့ ရိက္ခာခြောက်တွေပေါ်က UNHCR အမှတ်တံဆိပ်နဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ စိတ်ဝင်စားမှုနဲ့ အတူ သံသယဖြစ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဘင်္ဂါလီတွေနဲ့ ပြည်တွင်း၊ ပြည်ပက အပေါင်းအပါတို့ဟာ ဘူးသီးတောင်၊ မောင်တောအရေးကို ရိုဟင်ဂျာလူမျိုးအမည်နဲ့ ကမ္ဘာ့အရေးဖြစ်အောင် အစဉ်တစိုက် ကြိုးပမ်းခဲ့ကြပါတယ်။ အရင်အစိုးရ အဆက်ဆက်ကတော့ ရိုဟင်ဂျာဆိုတာ မြန်မာနိုင်ငံမှာ မရှိကြောင်း အတိအလင်း ကြေညာပြီး ပြည်တွင်းရေးကိစ္စအဖြစ် သိုသိုသိပ်သိပ် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော် ကနေ့အခြေအနေမှာတော့ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးကြောင့်ပိုလေး၊ ရှေနေ့ငှားခါမှ ထောင်လုံးလုံးကျ ဆိုသလိုမျိုး ဖြစ်နေပါပြီ။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အစီရင်ခံစာ တင်သွင်းသူ အမျိုးသမီးကလည်း မြန်မာဘက်မှာ မရှိ။ NGO, INGO ဆိုတဲ့ အဖွဲ့အစည်းတွေကလည်း ထိုနည်းလည်းကောင်း၊ အာဆီယံနိုင်ငံအချင်းချင်းထဲက တချို့နိုင်ငံတွေကလည်း မြန်မာနိုင်ငံကို ဖိအားတွေ ပေးနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားချင်း စာနာထောက်ထားမှုနဲ့ လေ့စီးဒုက္ခသည်တွေကို လက်ခံကူညီခဲ့ကြတဲ့ ဥရောပနိုင်ငံတချို့မှာ အခုဆိုရင် မြွေပွေးခါးပိုက် ပိုက်ထားသလို အခက်တွေ့နေကြပြီဖြစ်ကြောင်း သတင်းတွေ ကြားနေရပါတယ်။ ဒီမိုကရေစီရင့်ကျက်ပြီး နိုင်ငံဖြစ်တဲ့ ပြင်သစ်နိုင်ငံရဲ့ သမ္မတမက်ခရွန် ဟာ အရပ်ဘက်အဖွဲ့အစည်းတချို့က ဆန့်ကျင်ကန့်ကွက်နေကြသော်လည်း အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို အခုနှစ်ကုန်ပိုင်းမှာ ပြဋ္ဌာန်းနိုင်အောင် ကြိုးပမ်းသွားမှာ ဖြစ်ကြောင်းဆိုပါတယ်။ အင်္ဂလန်နိုင်ငံဝန်ကြီးချုပ် မစ္စထရီဇာမေ ကလည်း နိုင်ငံအတွင်း အကြမ်းဖက်မှုတွေဖြစ်ပွားလာတော့ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေတွေကို ပြန်လည်သုံးသပ်မှု ပြုရတော့မှာ ဖြစ်ကြောင်းပြောလာပါတယ်။ ဒီမိုကရေစီစနစ်ကို လက်ကိုင်ပြုထားကြတဲ့ နိုင်ငံကြီးတွေသည်ပင် နိုင်ငံတကာဥပဒေများ၊ ကွန်ဗင်းရှင်းများ၊ စာချုပ်ပါသဘောတူညီချက်များကို မသိကျိုးကျွန်ပြုပြီး မိမိနိုင်ငံ့အရေးအတွက် ပညာသားပါပါနဲ့ ဖြေရှင်းနေကြရပါတယ်။ ကျွန်တော်တို့လို ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ကာစနိုင်ငံတွေအနေနဲ့ လူ့အခွင့်အရေး၊ တန်းတူညီမျှရေးဆိုတဲ့ အကြောင်းပြချက်နဲ့ တည်ဆဲနိုင်ငံတော်ရဲ့ လုံခြုံရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်ဖြေလျှော့ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ် ပြဋ္ဌာန်းခဲ့ခြင်းတွေဟာ သတိပြုဆင်ခြင်စရာတွေ ဖြစ်လာပါတယ်။

မြန်မာနိုင်ငံအနှံ့မှာ မြန်မာစကားလုံးဝမပြောတတ်တဲ့ ဘင်္ဂါလီလူမျိုးတွေ မကြာခဏဆိုသလို ဖမ်းဆီးရမိတဲ့သတင်းတွေ ကြားနေရပါတယ်။ ဖမ်းဆီးရမိခြင်းမရှိဘဲ နိုင်ငံအတွင်းကိုရောက်ရှိနေသူ ဘယ်လောက်များ ရှိနေပြီလဲဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ ဘင်္ဂါလီအကြမ်းဖက်သမားတွေက ကမ္ဘာကျော် အကြမ်းဖက်အဖွဲ့အစည်းတွေဖြစ်ကြတဲ့ အယ်လ်ကေးဒါး၊ IS အဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှုရှိတယ်ဆိုတဲ့ အထောက်အထားတွေကိုလည်း တွေ့ရှိထားကြောင်း ကြားသိရပါတယ်။ အခုကာလအတွင်းမှာပဲ Arakan Rohingya Salvation Army (ARSA) လက်နက်ကိုင်တပ်ဖွဲ့ဖွဲ့စည်းပြီးကြောင်း၊ အသံလွှင့်ဌာနတစ်ခုကိုလည်း ဖွင့်လှစ်ပြီးကြောင်း၊ ဟာရီကိန်းအမည်နဲ့ ရွာသားအမာခံတွေကိုလည်း လျှို့ဝှက်ဖွဲ့စည်းထားပြီးကြောင်း သတင်းတွေကြားနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ IS တွေဟာ အီရတ်နဲ့ ဆီးရီးယားမှာ အခြေအနေ မကောင်းတော့လို့ ဆက်လက်ရပ်တည်နိုင်ရေး နေရာရှာတဲ့အခါမှာ အရှေ့တောင်အာရှဘက်ကို အာရုံရောက်လာပါတယ်။ ဖိလစ်ပိုင်နိုင်ငံ၊ မင်ဒါနာအိုကျွန်း၊ မာရာဝီဒေသရဲ့ လတ်တလောဖြစ်စဥ်ဟာ အထင်ရှားဆုံးသာဓကပါပဲ။ နောက်တစ်နေရာအနေနဲ့ကတော့ ကျွန်တော်တို့ရဲ့ ရခိုင်မြောက်ပိုင်းဒေသဖြစ်နိုင်ကြောင်း စစ်ရေးလေ့လာသူတွေက သုံးသပ်တင်ပြထားတာ ဖတ်လိုက်ရပါတယ်။ ဘင်္ဂါလီအကြမ်းဖက်သမားတွေအနေနဲ့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသမှာ အခိုင်အမာ ခြေကုပ်ရသွားပြီဆိုရင် ရခိုင်တစ်ပြည်နယ်လုံး နောက်ဆုံးမှာ မြန်မာတစ်နိုင်ငံလုံးအတွက်ပါ အန္တရာယ်ကြီးမားလွန်းလှပါတယ်။ ဒီနေ့ ကမ္ဘာတစ်လွှားက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဥ်တွေကို လေ့လာကြည့်ရင် သူတို့မှာ ကမ္ဘာနဲ့ချီတဲ့ ရည်မှန်းချက်တွေ ရှိနေတယ်ဆိုတာ သိသာထင်ရှားနေပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အကြမ်းဖက်သမားတွေနဲ့ အပေါင်းပါတို့ဟာ ပထမအဆင့်အနေနဲ့ မြန်မာတို့ရဲ့ ပိုင်နက်နယ်မြေအတွင်းကို ခိုးဝင်ပြီး ရွာတည်နေထိုင်ကြမယ်။ ဒုတိယအဆင့်အနေနဲ့ ဒေသခံရွာသားတွေကို အကြမ်းဖက်မောင်းထုတ်ပြီး နေရာဝင်ယူ

ကြမှာဖြစ်ပါတယ်။ ဒေသခံများအနေနဲ့ အခုလိုထွက်ပြေး တိမ်းရှောင်နေရခြင်းဟာ သူတို့ရဲ့ ဒုတိယ အဆင့်ရည်မှန်းချက်ကို အောင်မြင်မှုပေးလိုက်သလို ဖြစ်သွားနိုင်ပါတယ်။

သို့ဖြစ်ပါ၍ ဦးခင်မောင်လတ် ရဲ့ အဆိုမှာပါဝင်တဲ့ အကြမ်းဖက်အဖွဲ့ဝင်တွေကို ဖော်ထုတ်ပြီး အကြမ်းဖက်သမား တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် နေရပ်စွန့်ခွာ ထွက်ပြေးနေကြတဲ့ တိုင်းရင်းသားများ မိမိတို့ကျေးရွာများမှာ ဆက်လက်ရပ်တည်နိုင်ရေး အရေးတယူ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက် ထောက်ခံတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၀။**

**ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ၉-၈-၂၀၁၇ နေ့က တင်သွင်းသွားတဲ့ အဆိုနဲ့ ပတ်သက်လို့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့အချိန်အခါဟာ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး တစ်စိတ် တစ်ဝမ်း တစ်ညီတစ်ညွတ် စည်းလုံးဖို့ အချိန်ကိုရောက်နေပြီလို့ ပြောလိုပါတယ်။ စကားပုံတစ်ခုရှိပါ တယ်။ အမှိုက်ကစ ပြဿဒ်မီးလောင် ဆိုတာပါပဲ။ ဒါက ဘာကိုဖော်ပြသလဲဆိုရင် မြန်မာနိုင်ငံရဲ့ အနောက်တံခါး ရခိုင်ပြဿနာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတွေဟာ နှစ်ပေါင်း များစွာ မိဘဘိုးဘွားဘီဘင်လက်ထက်မှစပြီး ဒီနေ့အထိ အနောက်တံခါး မကျိုးပေါက်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့သော် ဒီနေ့ကမ္ဘာကြီးမှာ လက်နက်ဆန်း တွေ၊ ဆက်သွယ်ရေးစနစ်တွေ၊ နည်းပညာအသစ်တွေနဲ့ ငွေကြေးအထောက်အပံ့တွေကြောင့် လူမျိုး တစ်မျိုးက တစ်မျိုး၊ လူမျိုးစုတစ်စုက တစ်စုကို အနိုင်ကျင့်စော်ကားပြီး အကြမ်းဖက်မှုတွေနဲ့ နယ်မြေ မငြိမ်မသက်ဖြစ်အောင် ပြုလုပ်လာတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေမှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်သတ်ဖြတ်မှုတွေဆိုရင် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးဝါးလာနေပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့က မောင်တောမြို့နယ်၊ ကျီးကန်းပြင်ရှိ နယ်ခြားစောင့် ရဲဌာနချုပ် ငါးခူရ ကင်းစခန်းနဲ့ ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက်ရဲစခန်းတို့ကို အကြမ်းဖက် သမားများက တစ်ပြိုင်နက် ဝင်ရောက်စီးနင်းပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို သတ်ဖြတ်ကာ လက်နက်

ခဲယမ်းတွေကို ယူဆောင်သွားကြပါတယ်။ အဲဒီနောက်ပိုင်းလည်း ဘင်္ဂါလီတွေဟာ လက်ရဲဇက်ရဲ လှုပ်ရှားမှုတွေကို ပိုမိုလုပ်လာတာကို တွေ့ရပါတယ်။ အပြစ်မဲ့ပြည်သူတွေနဲ့ ရိုးသားစွာ လုပ်ကိုင်စားသောက်နေကြတဲ့ ရခိုင်တိုင်းရင်းသား မျိုးနွယ်စုတွေကို အကြမ်းဖက်သတ်ဖြတ်လာတာ တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့အထိ သတ်ဖြတ်ခံရသူ စုစုပေါင်း(၅၉)ဦးနဲ့ ပျောက်ဆုံးနေသူ(၃၃)ဦး၊ စုစုပေါင်း(၉၂)ဦးအထိရှိပြီး ဖြစ်ပါတယ်။

ယင်းနောက်ပိုင်းတွင်လည်း ဆက်လက်ပြီး သတ်ဖြတ်မှုတွေ၊ ဖမ်းဆီးမှုတွေကို ပြုလုပ်နေဆဲဖြစ်ပါတယ်။ ယခုဆိုရင် ရသေ့တောင်မြို့နယ်အထိ ဝင်ရောက်ပြီး လုံခြုံရေးတာဝန်ရှိသူတွေနဲ့ ရခိုင်တိုင်းရင်းသားတွေကိုပါ ခြိမ်းခြောက်ပြီး မနေနိုင်အောင် လုပ်ဆောင်လာပါတယ်။ ဒီနေ့တာဝန်ရှိအစိုးရအနေနဲ့ အဆိုပါ အကြမ်းဖက်သမားတွေကို ဖော်ထုတ်ပြီး ထိရောက်စွာ မနှိမ်နင်းနိုင်ပါက ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ထိုင်းနိုင်ငံတောင်ပိုင်းလို၊ ဖိလစ်ပိုင်နိုင်ငံ၊ မာရာဝီမြို့လို ဖြစ်လာပြီး အပ်နဲ့ထွင်းရမယ့်အရာကို ကျွန်တော်တို့ ပုဆိန်နဲ့ထွင်းရမယ့် အခြေအနေကို ဆိုက်ရောက်နိုင်ပါတယ်။ ဒီထက်ကြီးကျယ် အင်အားများလာရင်တော့ နိုင်ငံ့လွတ်လပ်ရေးပါ ဆုံးရှုံးသွားနိုင်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြမ်းဖက်အဖွဲ့တွေ လှုပ်ရှားနိုင်ဖို့အတွက် အကူအညီ အထောက်အပံ့ ပေးမှုဟာလည်း အထောက်အကူဖြစ်လာပါတယ်။ မြန်မာနိုင်ငံက ပြည်ပရောက်နေတဲ့ ဘင်္ဂါလီအချို့ဟာ ၎င်းတို့ရောက်နေတဲ့ နိုင်ငံမှတစ်ဆင့် စည်းရုံးလှုံ့ဆော်ဝါဒဖြန့်ခြင်း၊ OIC နိုင်ငံတွေက ကုလသမဂ္ဂကို ခုတုံးလုပ်ပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း UN အဖွဲ့များ NGO နဲ့ INGO အဖွဲ့များကလည်း ကူညီထောက်ပံ့ပေးသလိုနဲ့ ဘင်္ဂါလီတွေကို သွေးထိုးမြှောက်ပင့်ပေးနေခြင်း၊ ကျေးရွာများရှိ မော်လဝီဘာသာရေးခေါင်းဆောင်များက ဦးဆောင်ပြီး ရွာသူရွာသားတွေကို စည်းရုံးခြင်း အစရှိသည်တို့ကြောင့် အကြမ်းဖက်အဖွဲ့များ ရှင်သန်လာကြောင်း သုံးသပ်တင်ပြလိုပါတယ်။ လူ့အခွင့်အရေးကို ဗန်းပြပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ နိုင်ငံတော်နှင့်အစိုးရအား လက်နက်ကိုင်တိုက်ခိုက် ပုန်ကန်နေတာဖြစ်လို့ တာဝန်ရှိအစိုးရအဖွဲ့အဆင့်ဆင့်အနေဖြင့် အမြစ်ပြတ်ချေမှုန်းသွားရန် အဓိကလိုအပ်ပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအရ နိုင်ငံအသီးသီးဟာ မိမိတို့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုအပေါ် တစ်နိုင်ငံက တစ်နိုင်ငံအပြန်အလှန် လေးစားကြရန်နဲ့ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်အောင် ပြဋ္ဌာန်းထားပါတယ်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စယန်ဟီးလီနဲ့ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် မစ္စတာကိုဖီအာနန် တို့လိုပုဂ္ဂိုလ်များဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် မည်သည့်ကောင်းကျိုးကိုမျှ ပေးနိုင်မည့်သူမဟုတ်ကြောင်း လက်တွေ့ပြသထားပြီးလည်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုတာကတော့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် အောက်ပါအစီအစဉ်တွေကို ချမှတ်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတိုက်တွန်းလိုပါတယ်။ (၁) မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ်တွေမှာ အင်အားအလုံအလောက်၊ တပ်အင်အားအလုံအလောက် ချထားပေးရန် (၂) တိုင်းရင်းသားကျေးရွာတွေမှာ ပြည်သူ့စစ်အဖွဲ့တွေ ဖွဲ့စည်းပြီး လက်နက်တပ်ဆင်ပေးရန် (၃)UN, NGO, INGO အဖွဲ့များကို ရုပ်သိမ်းပေးရန် (၄)ဘင်္ဂါလီများကို ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား

ဥပဒေအရ ထိရောက်စွာ စစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန်တို့ ဖြစ်ပါကြောင်း တင်ပြရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့အဆိုအား အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**အချိန်၊ ၁၂း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၇။**

**ဦးကျော်သောင်း ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ အဆိုနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်ကို ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်ရဲ့အဆိုမှာ (၂)ပိုင်းတွေ့ရမှာ ဖြစ်ပါတယ်။ ပထမပိုင်းက အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနဲ့ အရေးယူပေးဖို့၊ ဒုတိယပိုင်းက ခြိမ်းခြောက်မှုကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးလာကြတဲ့ တိုင်းရင်းသားကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးဖို့တို့ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ပြောချင်တာက ရခိုင်တိုင်းရင်းသားများရဲ့အရေးဟာ ကျွန်တော်တို့ရဲ့အရေး ဖြစ်ပါတယ်။ နောက်ပြီး ရခိုင်ပြည်နယ်ရဲ့အရေးဟာ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့အရေး ဖြစ်ပါတယ်။ သို့အတွက် အဆိုရှင် ဦးခင်မောင်လတ်နဲ့ ရခိုင်တိုင်းရင်းသားများ စိုးရိမ်သလို ကျွန်တော်တို့လည်း စိုးရိမ်ပါတယ်လို့ ပြောကြားလိုပါတယ်။

အကြမ်းဖက်ကိစ္စနဲ့ ပတ်သက်ပြီးတော့ပြောရရင် မောင်တောမြို့နယ်၊ ကိုင်းကြီးရွာသားတွေ အသတ်ခံရတဲ့ကိစ္စ၊ အကြမ်းဖက်အဖွဲ့ကို ငွေကြေးထောက်ပံ့နေသူများ သွားရောက်ဖမ်းဆီးတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လူ(၆၀၀)ခန့်က ဝိုင်းဝန်းတိုက်ခိုက်တဲ့ကိစ္စ၊ ပြီးခဲ့တဲ့နှစ်က မောင်တောဒေသ၊ ကျီးကန်းပြင်၊ ကိုးတန်ကောက်နယ်မြေရဲကင်းနဲ့ ငါးခူရနယ်မြေရဲကင်းကို အကြမ်းဖက်တိုက်ခိုက်ခဲ့လို့ ရဲတပ်ဖွဲ့ဝင်(၉)ဦးကျဆုံးပြီး လက်နက်နဲ့ကျည်ဆန်များ ပါသွားတဲ့ကိစ္စ၊ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်တွေကို ပြန်ကြည့်ရင် အကြမ်းဖက်သမားများဟာ အလွန်အတင့်ရဲစွာ ဆောင်ရွက်လာတာကို တွေ့ရပါတယ်။ သို့အတွက် ပြည်ထောင်စုအစိုးရရော၊ ရခိုင်ပြည်နယ်အစိုးရရော၊ တပ်မတော်ရော၊ ပြည်သူ့ရဲရော၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ရော အားလုံးပူးပေါင်းပြီးတော့ လုံခြုံရေးအင်အား တိုးမြှင့်ချထားဆောင်ရွက်ပေးနေကြောင်း သိရှိရပါတယ်။ ဩဂုတ်လ ၈ ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြေညာချက် ၁/၂၀၁၇ ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီအထဲမှာ ကိုင်းကြီးရွာသားများ သတ်ဖြတ်မှုကို အကြမ်းဖက်

တိုက်ခိုက်မှုအဖြစ် သတ်မှတ်ကြောင်း၊ ၅-၈-၂၀၁၇ ရက်နေ့မှာ လုံခြုံရေးရဲကင်းစခန်း ဖွင့်လှစ်ဖို့ ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

မိမိတို့ရဲ့နေရပ်မှ ရွှေ့ပြောင်းလာသူများအား ၎င်းတို့ရဲ့ မူရင်းဒေသများသို့ ပြန်လည်သွားလာနေထိုင်နိုင်ရန် ဆောင်ရွက်ပေးမှုနဲ့ လုံခြုံရေးတိုးမြှင့်ချထား ဆောင်ရွက်ပေးမှုများကိုလည်း သိရှိရပါတယ်။ ဩဂုတ်လ ၁၁ ရက်ကလည်း နိုင်ငံတော်အတိုင်ပင်ခံရုံးက သတင်းထုတ်ပြန်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်း လုံခြုံတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ နှစ်ဖက်အသိုင်းအဝိုင်း အကြား ရင်ကြားစေ့ရေးတို့အတွက် ရေတို၊ ရေရှည်စီမံချက်များဖြင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားခဲ့ပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြည်တွင်း၊ ပြည်ပအကူအညီများ ပေးအပ်နေမှုများ အပါအဝင် အခြေခံအဆောက်အဦများ တိုးတက်တည်ဆောက်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားတည်ဆောက်ရေး၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးတွေ ဆောင်ရွက်နေကြောင်း၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှာ ဒီဇယ်သုံးဓာတ်အားပေးစက်နဲ့ လျှပ်စစ်ဓာတ်အားများ ပေးနေကြောင်း၊ နောက်ပြီး လျှပ်စစ်ဓာတ်အား မရရှိသေးတဲ့ မြို့၊ ရွာများကို နိုင်ငံတော် လျှပ်စစ်ဓာတ်အားပေးစနစ်မှ ရယူဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်နေကြောင်း လည်း သိရှိရပါတယ်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းအောင် ဆောင်ရွက်နေကြောင်း၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ စစ်တွေခရိုင်နဲ့ မောင်တောခရိုင်အတွင်း လမ်း၊ တံတားကောင်းအောင် ဆောင်ရွက်နေကြောင်း၊ အဲဒီလို ဆောင်ရွက်နေတဲ့ကြားက အစွန်းရောက် အကြမ်းဖက်များက အကြမ်းဖက်သတ်ဖြတ်မှုများ တိုးမြှင့်ဆောင်ရွက်ခဲ့တဲ့အတွက် ဩဂုတ်လ ၉ ရက်နေ့အထိ သေဆုံးသူ(၅၉)ဦး၊ ပျောက်ဆုံးသူ(၃၃)ဦးရှိကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက်မှုကို ပြင်းထန်စွာ ရှုတ်ချကြောင်းလည်း ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနဲ့အညီ သတိထား၍ ဆောင်ရွက်ပြောကြားကြောင်း သိရှိရပါတယ်။ အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်ဆောင်ရွက်လာခြင်းကို ဥပဒေနဲ့အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ အပြစ်မဲ့ အရပ်သား ပြည်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သလို အစွန်းရောက်အကြမ်းဖက်များ၊ အစွန်းရောက်အားပေးကူညီသူများ အားလုံးကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရက မောင်တောနယ်မြေအတွင်း တိုင်းရင်းသားကျေးရွာ (၉၅)ရွာရှိ အိမ်ထောင်စု(၄၅၅၃)စုအတွက် စားနပ်ရိက္ခာ (၂)လစာ ငွေကျပ် (၃၈၄.၈၂)သန်း ထောက်ပံ့ခဲ့ကြောင်းလည်း သိရှိရပါတယ်။ ရခိုင်ပြည်နယ် လုံခြုံရေးနဲ့ဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရဲ့ လမ်းညွှန်မှာကြားချက်အရ နယ်စပ်ရေးရာဝန်ကြီး အပါအဝင် ပြည်ထောင်စုဝန်ကြီးများ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ အင်အားအပြင် တပ်မတော် တပ်ရင်းတပ်ဖွဲ့

အင်အားများ ထပ်မံပို့ဆောင်ဖြည့်တင်းကာ လုံခြုံရေးနဲ့ မေယုတောင်တန်း စိုးမိုးရေးတို့ကို ဆောင်ရွက်နေကြောင်း သိရှိရပြီးတဲ့နောက် ရခိုင်ပြည်နယ်နဲ့ ရခိုင်တိုင်းရင်းသားတို့အတွက် ရတက်မအေးဖြစ်ခဲ့ရတဲ့ ကျွန်တော့်ရဲ့စိတ်ဟာ အလိုလိုအေးချမ်းသွားရပါကြောင်း ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များ (၄၆)ရက်မြောက်နေ့ ၂၁-၈-၂၀၁၇(တနင်္လာနေ့) အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၁ ရက် (တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ၁၂း၃၂ နာရီအချိန်တွင် ရပ်နားပါသည်။]